ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org


# ကာကွယ်ရေးစာစဉ်


တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

အတွဲ ၁၊ အမှတ် (၃)၊
ဖေဖော်ဝါရီ (၁)၊၂၀၂၅ ခုနှစ်။


# စစ်သတင်းအချက်အလက်နှင့် စစ်နည်းပရိယာယ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄)ချက်

- ★ ငါတို့သည် ပြည်ထောင်စုနှင့်ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။
- ★ ငါတို့သည်ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးသွားခဲ့ရသည့် သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။
- ★ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။
- ★ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက်ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

## ပုံနှိပ်မှတ်တမ်း

### တတိယအကြိမ်
ဇန်နဝါရီလ၊ ၂၀၂၅ ခုနှစ်

### စီစဉ်သူ
အာမိတ်

### အကြံပေးအယ်ဒီတာများ
ကိုမြင့်ထက်အောင်၊ ကိုညီကျော်၊ ကိုမိုက်ကယ်လ်

### အယ်ဒီတာများ
မိုးမြင့်ကျော်၊ အာမိတ်

### မျက်နှာဖုံးနှင့်အတွင်း ဒီဇိုင်း
#JDZ

### သရုပ်ဖော်ပုံရေးဆွဲသူများ
kuecool၊ Kyal Kyal၊ Way Eain၊ Mg Todd

ကာကွယ်ရေးစာစဉ်
အတွဲ ၁၊ အမှတ်(၃)

# မာတိကာ


- **အမှာစာ** ၁

  ကာကွယ်ရေးဝန်ကြီး၏နှစ်သစ်ဆုမွန်တောင်း - ရည်မွန်

  (ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)

- **ကဗျာကဏ္ဍ** ၂

  မြေစာ - Guide Line

  စွန်းထင်းရာများနှင့်အက်ကွဲဆဲနေ့များ - ဆိုမာလီ

- **ဝတ္ထုတိုကဏ္ဍ** ၄

  အိမ်ပြန်မယ် - မင်းသွင်

  အိမ်ပြန်လမ်း - ညီမာန်သျှင်း

- **ဟာသကဏ္ဍ** ၆

  ရည်ရွယ်ချက် - လင်းထင်

- **အက်ဆေးကဏ္ဍ** ၇

  သူလိုကိုယ်လို သူတို့ကိုယ်တို့မျက်ရည်တွေ - လတ်လွန်းဝေဦး

  မင်း 'ပျောက်' နေတာကို သူတို့ 'ကြား 'သွားခဲ့ရင် - မေမြတ်ဇော်

- **စစ်လက်နက်ကဏ္ဍ** ၁၀

  MA - 9 (ဖြဝမမ ကွန်မန်ဒိုစိန်ပြောင်း) နှင့် MA - 15 ( စက်လတ် ငါးကြင်းမီး )

  - ရဲဘော်အာကြီး

- **ဆောင်းပါးကဏ္ဍ** ၁၁

  စစ်သတင်းအချက်အလက်နှင့် စစ်နည်းပရိယာယ် - ရဲဘော်မိုးဦး

  စစ်ဦးစီးအရာရှိချုပ် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)

  ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးယဉ်ကျေးမှုစံလေ့သဘောတရားနှင့်

  နွေဦးတော်လှန်ရေး - ဇေယျာဦး


  ကတိနှင့်သစ္စာ - ဆက်ဇက်ဈာန်


  ကိုငယ့်ထံအိတ်ဖွင့်ပေးစာ (၂) - ကိုလတ်

  လစ်ဘရယ်အယူအဆနဲ့အမျိုးသားအမှတ်လက္ခဏာနိုင်ငံရေး - ကျော်ဇောခိုင်

- ဘုံသဘောထားထုတ်ပြန်ကြေညာခြင်း ၂၅

  ပြည်သူ့ကာကွယ်ရေးတပ်မတော်၏စံတန်ဖိုးများ



# ကာကွယ်ရေးဝန်ကြီး၏ နှစ်သစ်ဆုမွန်တောင်း



PDFတပ်မတော်ဆိုတာမရှိရင် ပြည်သူ့တော်လှန်ရေးဆိုတာလည်း မရှိနိုင်ပါဘူး။ အဲ့တော့ PDF တပ်မတော်ဟာ ဒီတော်လှန်ရေးရဲ့ မောင်းနှင်အားဖြစ်တယ်။ PDFတပ်မတော်ဟာ ဒီတော်လှန်ရေးရဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်။ အဲ့တော့၂၀၂၅နှစ်သစ်ကတော့ PDFတပ်မတော်အတွက်၊ ကျွန်တော်တို့တော်လှန်ရေးတခုလုံးအတွက် အောင်ပွဲအဆင့်ဆင့် သယ်ဆောင်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒေသတစ်ခုချင်းရဲ့အောင်ပွဲကနေ တစ်နိုင်ငံလုံးရဲ့အောင်ပွဲ၊ ဒေသတစ်ခုချင်းရဲ့လွတ်မြောက်မှုကနေ ပြည်ထောင်စုတစ်ခုလုံးရဲ့ လွတ်မြောက်မှုဆီကို ဦးတည်သွားတဲ့နှစ် ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့အပြည့်အဝမျှော်လင့် ပါတယ်။ ကျွန်တော့်ရဲဘော်အားလုံးကိုလည်း ကျွန်ုတော်ချစ်ပါတယ်။ အားလုံးနှစ်သစ်မှာ ကိုယ်စိတ် ကျန်းမာသန်စွမ်းပြီးတော့ အဆုံးသတ်တိုက်ပွဲ ဆင်နွဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်တို့ဆက်ပြီးတော့ ကျွန်တော်တို့ခံနိုင်ရည်ကို အမြင့်ဆုံးအထိလွှင့်ထူပြီး ကျွန်တော်တို့ရဲ့အပြီးသတ်အောင်ပွဲ ရယူကြပါစို့လို့ သံခိဋ္ဌာန်ပြုရင်းနဲ့ နှစ်သစ်ကို ကျွန်တော်တို့ကြိုဆိုချင်ပါတယ်။

ဦးရည်မွန် (ပြည်ထောင်စုဝန်ကြီး)
ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ။

## ကဗျာကဏ္ဍ




### မြေစာ

အားကုန်မောင်းနှင်သွားသော
မြေအောက်ရထားတစ်စင်း
ကျန်ရစ်ခဲ့လေသော မှတ်တိုင်တစ်ခု
လက်ပြနှုတ်ပိတ်နေသော လူငယ်တစ်ချို့
စုတ်ပြဲနေသော လက်ပိုင်ရှင်များ
အခန့်သား စီးနင်းလိုက်ပါသွားသော
ဘုရင်အဆူဆူအား ကျွန်တော် မြင်ခဲ့သည်

ခေါင်းစဉ်မပီသသော ကဗျာတစ်ပုဒ်
ပေါ့ပျက်ပျက် မက်လုံးများ
ဖြစ်နိုင်လျှင် သေနတ်များမှ
ကျည်ဆံများသာ ထွက်စေချင်သည်
ကိုယ်ချင်းစာတရားများ ပါမသွားစေချင်ခဲ့ပါ

အသက် မပြည့်သေးသော အလောင်းများ
လမ်းမလျှောက်တတ်သေးသော ချိုင်းထောက်များ
ဈေးကြီး အရက်ပုလင်းများ အဖြူရောင် ဇိမ်ခံကားများအစား
ရောဝတီမြစ်ကို  အပြစ်တင်ချင်ခဲ့သည်
ယိုင်နဲ့နဲ့မြေပုံလေးအား  အပြစ်တင်ချင်ခဲ့သည်

စစ်မက်ထူသော တောင်တန်း
ယမ်းငွေ့များအစား ဘုရားစင်များပေါ်က
အမွှေးတိုင်များသာ ဖြစ်စေချင်သည်
သူ့ပစ် ကိုယ်ပစ် တိုက်ပွဲတွေကြား
အိုးပစ် အိမ်ပစ် ခြေရာများနစ်လို့
တရစ်ရစ်ဝါးမြိုနေသော ကစားပွဲထဲ
မျက်ရည်များ ဇာတ်နာခဲ့ကြရသည်။

ပြန့်ကျဲနေသော ကျည်ဆံခွံများ
နေရာမှားနေသော သေနတ်များ
အကြိမ်ကြိမ်နင်းချေခံရသော မြေစာပင်များ
ကူမဲ့ ကယ်မဲ့ သေလူများအဖြစ်
နာနာကြင်ကြင် အပြစ်ဖို့လို့
ဤစစ်ကို ရိုးသားစွာ ကျွန်တော်မုန်းချင်ခဲ့သည်။

Guide line(15.9.24)




## စွန်းထင်းရာများနှင့်အက်ကွဲဆဲနေ့များ

ကြင်နာမှုနေ့ရက်များမှ နာကျင်မှုနေ့ရက်များသို့
အနီးမှုန် အဝေးမှုန် အားလုံးမှုန်နေတော့
အခုများဖြင့် အသံကြားရရင်ကို
ဆံပင်မွေးပါထောင်ချင်သွားတယ်
လွမ်းဆွေးခြင်းနိယာမကို
ဆားနဲ့နဲဖြူးမှရမယ်...။

အလိုလေး.....
သူမထွက်သွားပုံမှာလှရက်လိုက်တာ...
အပြစ်တင်ရက်စရာမရှိ
လူပျောက်ကြော်ငြာကပ်မရ
သတင်းစာထဲထည့်မရ
သဘာဝဆန်တယ်....။

အချစ်ပျောက်ရှာတာလေ
ကြက်ပျောက်၊ငှက်ပျောက်ရှာတာမှမဟုတ်ပဲကို
ဘယ်လွယ်ပါ့မလဲ...
'က' ကြီးကနေ 'အ' အထိအခုတော့
လုံးလည်ချာလည်လိုက်နေတဲ့ကောင်
လူပျိုဖော်ဝင်ကာစအရွယ်ဆိုသိပ်ကောင်းမယ်
စီးကရက်လေးလက်ကြားညှပ်နားကြပ်လေးတပ်
ကဲ...ဘယ်မတုန်းအသဲကွဲတာ...!
အခုတော့ဖြင့်...
နတ်ပြည်ခြောက်ထပ်လဲမတက်ချင်
နိဗ္ဗာန်လဲမရောက်ချင်နဲ့...ဒီသံသရာထဲသာ
ဝဋ်ဒုက္ခကြီးမားစွာ ကျင်လည်လို
အိတ်မှောက်ဖာသွန် လက်ပံထိုးအန်ရအန်ရ
အစာအိမ်နံရံတွေပါးသွားတဲ့အထိ
ဖွင့်မပြလိုက်ရတဲ့ရင်ဘတ်အတွက်သာ
အားနာနေခဲ့မိတာ...။

အချစ်ရေ...သောကြာပြောသလို
မင်းငါ့လိုမှမချစ်တတ်တာဆိုတော့
ဟုတ်တော့လဲ...အဟုတ်သား
ငါ့မှာ မင်းနားကပ်ဟိုကောင့်လိုလဲမချစ်တတ်
စစ်မက်ထူပြောတဲ့ကာလမှာတောင်
နတ်တွေကခွင့်မလွှတ်ချင်တဲ့ကောင်
ဝဋ်နာ၊ ကံနာ၊ ကမ္ဘာနာ၊ လူနာ
မင်းခွင့်မလွှတ်တာ ဘာဆန်းသလဲ....။

ဘယ်တတ်နိုင်မလဲလေ...
ငါ့မှာထွေရာလေးပါးတွေလဲဘေးဖယ်ချင်
တိုင်းပြည်လဲ ကယ်တင်ချင်
ကိုယ့်ကိုယ်ကိုလဲ ကယ်တင်ချင်နဲ့
ချေငွေဗားရားအကျီဝတ်ပြီး ရှူးနေတဲ့ကောင်...
ဟိုးတစ်နှစ်ကလဲ အရက်လေးတမြမြ
မနှစ်ကလဲ အရက်လေးတမြမြ
ဒီတစ်နှစ်လဲ အရက်လေးတမြမြနဲ့
အသက်ရှင်ဆေးဆိုပြီး သရဏံဂုံတင်သောက်
မူးချင်တာကိုအကြောင်းအမျိုးမျိုးပြနေခဲ့ရ...။

ချောင်းဘေးနားနေပြီး ငါးမစားရတဲ့ဒုက္ခ
ငှက်ပျောအူက အမြစ်မပိုစားကောင်းတာတွေ
မှိုရတဲ့မျက်နှာ ဆိုတာမျိုးတွေ
ဒီနေ့ရင်ဘတ်ချင်းနီးပြီး
နောက်တစ်နေ့အခေါင်းရိုက်ပေးလိုက်ရတဲ့
ငါ့သူငယ်ချင်းတွေ........
ဒါ ငါ့ဘဝပဲ အချစ်ရေ......။

ဟီရိ ဩတ္တပတရားတွေလဲမသိ
လူဟာအရိုင်းဆန်နေပြီမို့.....
ငါ့ ယဉ်ကျေးမှုနဲ့ မင်းကိုတော့
ကဗျာတွေထဲ ထည့်သိမ်းထားလိုက်တယ်
မင်းဖတ်ချင် ဖတ်ပေါ့........။ ။

ဆိုမာလီ (17.8.2023)

# ဝတ္ထုတိုကဏ္ဍ




## အိမ်ပြန်မယ်

ဒီစကားကို၂၀၂၂ကုန်ခါနီးကတည်းက အမေခဏခဏပြောနေသည်။ တခါတရံ သူ့အဝတ်အစားလေးတွေကို သိမ်းထုပ်ထားသော အဖွေ့ပုဆိုးအဟောင်းအထုပ်လေးကို ဆွဲကာထွက်၍သွားတတ်သဖြင့် သူ့နောက်လိုက်ကာ ခေါ်ရပြန်လေသည်။ စစ်ဘေးရှောင်ပြီး နောက်ဆုံးအခါက် ပြန်လာချိန်မှစပြီး ယခုနေသည့်ရွာသည် သူ့ရွာမဟုတ် ယခုနေသည့်အိမ်သည် သူ့အိမ်မဟုတ်ဟု ယူဆနေတတ်ပြန်သည်။ အမေအိုသည်လည်း အသက်၈၅ကို စွန်းခဲ့ပြီ။ စစ်ဘေးဒါဏ်သည် အမေ၏ဇရာကို ရက်စက်စွာ လှည့်ဖြားသွားခဲ့လေပြီ။

ထိုသို့ဖြစ်ခဲ့ရခြင်းမှာ အကြောင်းရှိပါသည်။ ၂၀၂၂အစောပိုင်းတွင် အာဏာသိမ်းစစ်တပ်၏ စစ်ကြောင်းထိုးမီးရှို့မှုကြောင့် တစ်ရွာလုံးရွာလုံးကျွတ် မကြာခဏထွက်ပြေးရသဖြင့် မကြာခဏပြန်လာရသော အဖြစ်ကြောင့်ပင်။ နောက်ဆုံးအခေါက်ပြန်လာချိန်မှာတော့ ရွာလေးသည် ပြာပုံအတိဖြစ်နေလေသည်။ နေစရာအဆင်မပြေသေး၍ အမေ့ကိုခပ်ဝေးဝေးမှ ဆွေမျိုးတွေရှိရာ ရွာတွင်နေခိုင်းထားရသည်။ မည်ကာမတ္တ ထန်းရွက်အိမ်လေးဆောက်ပြီးသောအခါမှ အမေ့ကို အိမ်ပြန်ခေါ်ရသည်။ ထိုအချိန်မှစ၍ အမေသည် သူ့မွေးဖွားရာနေရာသည် သူ့အိမ်မဟုတ်ဟူသော စိတ်ကစွဲသွားလေပြီ။

ဖြစ်မည်ဆိုလည်းဖြစ်ပေမည်။ အိမ်နံဘေး၌ သူတို့ဇနီးမောင်နှံ အိမ်ထောင်ဦးကာလ၌ စိုက်ပျိုးထားသည်ဆိုသော ပိတောက်ပင်အိုကြီးပင်မရှိတော့။ ရွာနှင့်အိမ်ပတ်သက်ရာ မြင်ကွင်း အားလုံး သူ့အတွက် အရာအာလုံး အစိမ်းသက်သက်။ ထန်းရွက်တဲသာသာ အိမ်လေးအတွက် မီးရှို့ထား၍ ကျန်သည့် အကိုင်းအခက်များကို ခွဲခြမ်းစိတ်ဖြာ၍ အိမ်တိုင်ပင် လုပ်ထားရသည်။

မီးလောင်ထားသည့်သစ်ပင်ကို အိမ်မဆောက်ကောင်းဟူသော အညာလူကြီးများ၏ ဆိုရိုးစကားကိုပင် ဂရုမပြုနိုင်။ သစ်တောများနှင့်ဝေးလံ သောဒေသဖြစ်သည့်အတွက် ရှိသည့်သစ်ဖြင့် ကြံဖန်ဆောက်ခဲ့ရသည်။ အိမ်မဆောက်၍လည်းမဖြစ် မကြာမီမိုးဦးကျတော့မည်။ မိုးရွာလျှင် နေစရာမရှိ ဖြစ်ရော့မည်။ ဆွေမျိုးများ၏ ရပ်ရွာ၌လည်း အမြဲတမ်းနေလို့အဆင်မပြေ။ ကိုယ့်အိုးအိမ်လောက်တော့ ကောင်းမည်မထင်။

ခက်သည်က ရွာ၊ ခြံစည်းရိုး၊ သစ်ပင်၊ အိမ်အနေအထားအမေမှတ်မိစရာ ဘာမျှမရှိတော့။ အမေ့ကို ရွာပြန်ခေါ်လာပြီးနောက် သူ့အိမ်သူ့ရွာ ဖြစ်သည်ကို ဘယ်သူပြောပြော မယုံကြည်တော့ပါ။ ထိုအခါမှစ၍ အဝေးကို မကြာခဏငေးနေသောအမေ့ကို သတိထားမိသည်။ မီးလောင်ပြင်ကိုပြန်လည်တည်ဆောက်ထားသောရွာသည် သူ့ရွာမဟုတ်ဟု စိတ်အစွဲကြီးနေတော့သည်။ အဖေလည်း စိတ်ဆင်းရဲနေရှာမည်။ အဖေ့လက်ကိုဆွဲကာ ခဏခဏ အိမ်ပြန်မည်ပြောတိုင်း ပိန်လှီသောမေးရိုးများ ထောင်ထလာသည်အထိ ပြောင်းဖူးဖက်ဆေးလိပ်ကို ရှိုက်ကာဖွာနေတတ်သော အဖေ့ဝေဒနာသည် သက်သာမည်မထင်။

" အိမ်ပြန်မယ် "

" ငါ့အိမ်ကိုလိုက်ပို့ ၊ ငါ့ရွာမှာပဲငါသေချင်တယ် "

" ငါ့အိမ်ကိုပြန်မယ် "

ဟူ၍ မကြာခဏပြောတတ်သော အမေအိုကိုကြည့်ရင်း အမေ့ကွယ်ရာ၌ ကျွန်တော်နာနာကျည်းကျည်း "တောက်" ခေါက်ပြီး သူတို့၏ ယခင်အိမ်လေးကို ပြန်ရစေချင်သည်။

မင်းသွင်



## အိမ်ပြန်လမ်း

''ဒုန်းဆိုပြီး ပစ်လိုက်တာနဲ့ ဝီးဝီးဝီး အသံကြားရင် ကျော်သွားပြီကွ ၊ ဝုန်းဆိုလို့ကတော့ ပြေးတော့ ၊ ပုန်းတော့''တဲ့ လမ်းဘေးမှာဆော့နေတဲ့ ကလေးတွေပြောနေတဲ့စကား။ အသက်ကိုကြည့် လိုက်တော့ အလွန်ဆုံးရှိလှ (၁၀) နှစ်ပေါ့။ ခေတ်က သင်ပေးလိုက်တဲ့ သင်ခန်းစာတွေ ။

ဒီမြင်ကွင်းကိုကြည့်ပြီး အာဏာရှင်တွေရဲ့ ရူးမိုက်တဲ့ ဆိုးဒဏ်ကို ခံရသူတွေဟာ ငါတို့နောက်ဆုံး ဖြစ်စေရမယ်ဆိုတဲ့ ခံယူချက်က ပိုခိုင်မာလာစေတယ်။ တဆက်တည်း နိုင်ငံရေးက ငါတို့နဲ့မဆိုင်ပါဘူးဆိုပြီး မျက်နှာလွှဲနေကြတဲ့သူကို ပြေးမြင်မိတယ်။ ခေတ်နဲ့စနစ်ဆိုးရဲ့ ရိုက်ချက်တွေကတော့ ဆိုင်သူအတွက်ရော မဆိုင်သူအတွက်ပါ ရှေ့မင်းအတွက် ရှေ့မင်းအတွက် ဆိုပြီး မပြေလည်မှုတွေ၊ အကြပ်အတည်းတွေ ၊ အဆင်မပြေမှုတွေက သူ့ဝေစုနဲ့သူ ပေးဖို့ရှိပြီးသား မဟုတ်လား။

သေချာတာကတော့ ငါတို့နဲ့မဆိုင်ပါဘူးလို့ တွေးနေ၊ နေနိုင်နေတဲ့သူတွေက အာဏာရှင်စနစ်ဆိုးကြီးရဲ့ အောက်မှာ ငါ့အတွက် ၊ ငါ့မိသားစုအတွက်နဲ့ ငါတို့အဆင်ပြေဖို့လိုတယ် ဆိုတဲ့သူတွေ ဒါမှမဟုတ် နေသားကျနေပါပြီ လို့ ထင်နေတဲ့သူတွေ ၊ ဒီလူတွေရဲ့ အတ္တတွေကြောင့် အာဏာရှင်တွေဟာ တစ်ခေတ်ပြီး တစ်ခေတ် အလှည့်ကျပေါ်နေသလို ဖြစ်နေတာပဲ။ ဒါပေမယ့် ဒါက လူနည်းစုပါပဲ အများကတော့ အာဏာရှင်စနစ်ကို လက်မခံကြတာ လက်ရှိလူထုကြားက ပေါ်ပေါက်လာတဲ့ လူထုတော်လှန်ရေးကြီးကို ကြည့်ရင် အသိအသာ ပါပဲ။

''စစ်နည်းဗျူဟာ ဘယ်လိုသာလည်း
စွဲကိုင်လက်နက် ဘယ်လိုထက်လည်း
ပြည်သူ့နှလုံး မသိမ်းကျုံးလျှင်
ပြည်သူ့အင်အား မကိုးစားလျှင်
ဓါးသွားလည်းကြွေ လှံလည်းခွေအံ့ '' တဲ့ လက်ဝဲသုန္ဒရရဲ့ နန္ဒိသေနပျို့ကို သတိရမိပါရဲ့။

လက်ဗလာနဲ့စခဲ့တဲ့၊ လက်လုပ်သေနတ်တွေ၊ တူမီး တွေနဲ့စခဲ့တဲ့ လူထုတော်လှန်ရေးကြီးဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ တော်လှန်ရေးခရီးကို နှင်နေတာဟာ ပြည်သူ့အား မဟုတ်လား။ လက်နက်စွဲကိုင်တော်လှန်တဲ့သူကတော်လှန်၊ ချွေးနည်းစာလေးကနေ ဖဲ့ထုတ် ထောက်ပံ့အားကောင်းဖို့ ငွေအားနဲ့ တော်လှန်တဲ့သူက တော်လှန်ပေ့ါ။ တော်လှန်ရဲဘော်နဲ့ တော်လှန်ပြည်သူဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ နေရတဲ့ တစ်ခရီးတည်းသွားတွေမဟုတ်လား။

ဘေးဝဲယာကို ကြည့်လိုက်ပြန်ရင်လည်း အားတက်ရပြန်ပါတယ်။ လူငယ်တွေ သူတို့ရဲ့ လွတ်လပ်မှုတွေ၊ ငယ်ရွယ်မှု၊ နုပျိုမှုတွေကို အကုန်ပေးဆပ်ပြီး အာဏာရှင်ကို လက်နက်စွဲကိုင်တော်လှန်ဖို့ တောထဲရောက်လာခဲ့တဲ့ ယုံကြည်ရာ လမ်းမပေါ်က လူငယ်တွေ။ တစ်ခါက စကားလက်ဆုံကြရင်း မေးဖူးတယ် ''မင်းတို့အရင်က စစ်သားဖြစ်ချင်ဖူးလား'' လို့။ အားလုံးက တိုင်ပင်မထားဘဲ တစ်ညီတစ်ညာထဲ ထွက်လာတဲ့ဖြေသံက '' စိတ်ကူးထဲမရှိသလို အိမ်မက်ထဲလည်း ထည့် မမက်ဖူးဘူး'' တဲ့။ အရင်ချိန်တွေမှာ Bar သွားချင်သွားမယ်၊ Club တက်ချင်တက်မယ်၊ ဘီယာဆိုင်တွေမှာ ဟေးလား ဝါးလား အော်ဟစ် ငြင်းခုန်နေရင် နေကြမယ်။ အခုချိန်မှာတော့ တစ်တောဝင် တစ်တောင်တက် ချောင်းဖြတ်လိုက် ထမင်းငတ်လိုက်နဲ့ တစ်ခါမှ မတွေ့ကြုံဖူးတဲ့ မရင်ဆိုင်ဖူးတဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားရင်း အာဏာရှင်စနစ် အမြစ်ပြတ်ရေးအတွက် ကြိုးစားနေကြတဲ့ လူငယ်တွေ။ အားထားရတဲ့ လူငယ်တွေ။ နယ်ပယ်အစုံက သူစိမ်းတွေ လာဆုံတဲ့စုရပ်တဲ့ ဘာကြောင့် ဒီလောက် နွေးထွေးရပါလိမ့် ။

ဆရာမောင်ချောနွယ်ရဲ့ ကဗျာလေး ဖတ်ဖူးတယ်ကွ ``ဘဝမှာ လေးငါးခြောက်ခု မလိုဘူး ချစ်သူစစ်စစ်နဲ့ ရန်သူစစ်စစ် ဒီနှစ်ခုပဲ လိုတယ်တဲ့ '' တို့ရဲ့ရန်သူစစ်စစ်ကတော့ အာဏာရှင်စနစ်ကို အသက်သွင်းနေတဲ့ ဒီအာဏာရှင်လက်တစ်ဆုပ်စာနဲ့ သူ့နောက်လိုက် တွေက တို့အတွက်ရန်သူစစ်စစ်ပေ့ါ။ ချစ်သူစစ်စစ်က ၅၂၈ ဆိုရင်တော့ တို့ရဲဘော်ရဲဘက်ညီအကိုမောင်နှမတွေက ချစ်ခင်ရသူစစ်စစ်ပေ့ါ။ ၁၅၀၀ နဲ့တွက်

မယ်ဆိုရင်တော့ တော်လှန်ရေးပြီးမှ ရှာကြဖို့ Request လုပ်ပါတယ်လို့ စီနီယာ အကိုတစ်ယောက်က ပြောဖူးတယ်။

ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်မှမပါဘဲ ချွေးတွေ၊ သွေးတွေ နောက်ဆုံးအသက်ပါရင်းပြီး တော်လှန်ဖို့ ရောက်လာသူတွေအတွက် တချို့စောင့်ထိန်းရမယ့် ကိစ္စတွေက အသေးအမွှားလေးပါ။ ငယ်ငယ်တုန်းက ဖတ်မှတ်ဖူးတဲ့ ``မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်'' ဆိုတဲ့ ဆောင်ပုဒ်လိုပေါ့ တိုင်းပြည်ကောင်းအောင် ကြိုးစားဖို့ တောင်စွန့်လွှတ်မှုတွေ အများကြီးနဲ့ ရောက်လာခဲ့ပြီးပြီ မဟုတ်လား။ ဒီလိုဆိုပြန်တော့လည်း ဝန်ထမ်းဘဝကို လွမ်းမိသား။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ရောဂါကာကွယ် တာဆီးရေးတွေ၊ စာရင်းဇယားတွေနဲ့ ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် လကုန်ရင် အစည်းအဝေးသွား Pay Day ရောက်ရင် လစာလေးထုတ်ပြီး သောက်ကြစားကြ ပျော်ကြပါးကြ နဲ့အချိန်တွေကိုပေါ့။ အခုကျတော့လည်း CDM ကိုပြတ်သားစွာ လုပ်သူတွေ CDM လုပ်ဖို့ကို အကြောင်းပြချက်များစွာနဲ့ မရဲဝင့်ခဲ့သူတွေကြားမှာ စည်းကြီးတစ်ခုခြားသွားသလိုပဲ။ ပြန်မရနိုင်တော့တဲ့ တစ်ချို့အရာတွေကို လွမ်းသလိုလိုရှိပေမယ့် တခုတ်တရကြီးတော့ စိတ်ထဲဖြစ်ပေါ်မနေခဲ့။ ထပ်ဖြစ်မလာနိုင်တော့တဲ့ အမှတ်တရတွေအတွက်လည်း ပြုံးမိပါရဲ့။

`` မောင်းမယ်ဟေ့ '' ဆိုတဲ့ တပ်ရင်းမှူးရဲ့ အော်သံကို စကားပြောစက်က ကြားတော့မှ အတွေးစကပြတ်သွားတော့တယ်။ (၁၁)ရက်လောက် သွားမတိုက်၊ မျက်နှာမသစ်၊ ရေမချိုးရနဲ့ ရေနှမြောလို့ ပန်ကန်ဆေးရေသောက်ရတဲ့ရက်တွေ လက်နှီးစုတ်နဲ့ နင်လားငါလား ပြိုင်နေတဲ့ယူနီဖောင်းတွေလျှော်ဖို့ ၊ရေချိုးဖို့ ဒီတစ်ခေါက်တော့ ရွာထဲပေးနားမယ်ဆိုတဲ့ တပ်ရင်းမှူးရဲ့ စကားသံကို ပြန်ကြားရင်း ကျိန်းစပ်နေတဲ့ ခြေဖဝါးတွေကို ခဏမေ့ပြီး လျှောက်ရဦးမယ့် အိမ်ပြန်လမ်းတွေ မဟုတ်လား ။ စကတည်းက ကိုယ့်စိတ် ကိုယ့်လက်ကိုယ့်တက်နဲ့ စခဲ့တဲ့ ခရီးမဟုတ်လား။ လှိုင်းကြမ်းကြမ်း ခရီးပမ်းပမ်းပေါ့ ဆက်လျှောက်ရမှာပဲ။ သေမင်းနှုတ်ခမ်းဝရောက်လို့ ကျွံခဲ့ရင်လည်း လွတ်ခဲ့တဲ့သူတွေက ကျန်ခဲ့တဲ့သူတွေအကြောင်းကို လွမ်းဆွတ်စွာနဲ့ အမြဲပြန်ပြောနေရမယ့် ခရီးတွေ။

ညီမာန်သျှင်း

## ဟာသကဏ္ဍ




### ရည်ရွယ်ချက်

ကျွန်ုပ် ရွှေဘိုခရိုင်တွင် လေ့ကျင့်ရေးမှူးလုပ်စဉ်က သင်တန်းသားတွေကို

"ငါ ဘာလို့ တော်လှန်ရေးကို ကြိုးစားပမ်းစားလုပ်နေတယ် ထင်လဲ။ ငါတို့ တော်လှန်ရေးအောင်မှ သင်ဇာဝင့်ကျော် လွတ်မှာကွ"ဟု အာပေါင်အာရင်းသန်သန်နဲ့ ပြောဖူးသည်။

ရက်ပိုင်းအတွင်းက သင်ဇာဝင့်ကျော်မှာ လွတ်မြောက်လာချေပြီ။ ကျွန်ုပ်အကြောင်း သိသူတစ်ဦးက

"အခုရော တော်လှန်ရေးကို ဘာလို့ကြိုးစားပမ်းစားလုပ်နေတာလဲ"ဟု ကျွန်ုပ်အား လာကလိရာ

ကားအကောင်းစားကြီးတွေစီးပြီး ယူနီဖောင်းအပြည့်နဲ့ စစ်မတိုက်ဘဲ ရှိုးများနေတဲ့ တော်လှန်ရေးသမားအမည်ခံတွေကို ကြည့်ပြီး စိတ်အချဉ်ပေါက်ပေါက်နဲ့

"ချမ်းသာချင်လို့ကွ"ဟု ဖြေလိုက်လေသတည်း။

လင်းထင်

# အက်ဆေးကဏ္ဍ




## သူလိုကိုယ်လို သူတို့ကိုယ်တို့ မျက်ရည်တွေ

မျက်ရည်တွေဟာ ကျွန်တော်တို့ ဘဝတွေကို အသစ်တဖန် ပြန်ဖြစ်စေတယ်၊ ဟိုးတုန်းကတော့ မျက်ရည်တွေရဲ့အားကို ကျွန်တော်တို့ လျှော့တွက်ခဲ့ဖူးတယ်၊ အစဉ်အလာပို့ချမှုတွေ အရ မျက်ရည် တွေဟာ ပျော့ညံ့မှုတခုရဲ့ ပုံရိပ်လိုမျိုး ပုံဖော်ခံခဲ့ရတာ ရှိခဲ့တယ်၊ ဒါပေမယ့် နောက်ပိုင်းမှာတော့ မျက်ရည်တွေဟာ လူသားဘဝကို ရှေ့ဆက်စေမယ့် ခွန်အားတခုဆိုတာကို ကျွန်တော် နားလည် လာတယ်၊ မျက်ရည်တွေဟာ ကျွန်တော်တို့ကို အသစ်တဖန် ပြန်ဖြစ်စေရုံတင်မကဘူး၊ ကျွန်တော် တို့ရဲ့ မလိုအပ်တဲ့ ပျော့ညံ့မှုတချို့ကိုပါ အက်ဆစ်ခဲတတ်လို စားပေးခဲ့တယ်။

ဒဏ္ဍာရီလာပုံပြင်တွေထဲမှာတော့ ဖီးနစ်ငှက်ရဲ့ မျက်ရည်တွေဟာ ဘယ်လိုဒဏ်ရာမျိုးကိုမဆို ပျောက်ကင်းစေတယ်တဲ့၊ ဒါဟာ မျက်ရည်တွေအပေါ် တင်စားနည်းတခုပဲဆိုတာကို နားလည်ဖို့တော့ ကျွန်တော်တို့လည်း အချိန်စောင့်ဆိုင်းကောင်း စောင့်ဆိုင်းရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဘဝမှာ ကျွန်တော်တို့တွေ ရှောင်လွှဲမရနိုင်တာကလည်း မျက်ရည်တွေပဲ မဟုတ်လား၊ နာကျင်မှုကြောင့်ကျတဲ့ မျက်ရည် ပဲဖြစ်ဖြစ် ပျော်ရွှင်မှုကြောင့် ဒါမှမဟုတ် လွမ်းဆွတ်မှုကြောင့် ကျလာတဲ့ မျက်ရည်တွေပဲဖြစ်ဖြစ် မတူညီတဲ့ မျက်ရည်တွေရဲ့အဆုံးသတ်ကတော့ ကျွန်တော်တို့ကို ပြန်ပြီး စိတ်သက်သာရာတခု ရစေတယ် ဆိုတာပဲ၊ ဒါပေမဲ့ မေးစရာရှိတာတခုက ကျနော်တို့ဟာ စိတ်သက်သာရာရစေတဲ့ မျက်ရည်မျိုး မကျနိုင်တာ ဘယ်လောက်တောင် ကြာပြီလဲ ဆိုတာပဲ၊ တခါတလေတော့လည်း မျက်ရည်ဟာ အစိုင်အခဲလိုဖြစ်သွားပြီး ခန္ဓာကိုယ်ထဲ လှည့်ပတ်နေထိုင်သွားတာလည်း ရှိကောင်း ရှိမှာပေ့ါ၊ ဒါမှမဟုတ် မျက်ရည်မဖြစ်ခင်မှာပဲ အငွေ့ပျံသွားတဲ့ မျက်ရည်တွေ၊ ကျနော်တို့ကရော ဘာတွေလဲ၊ မျက်ရည်သူခိုးတွေလား၊ မျက်ရည်နောက်ကိုပဲ တစိုက်မက်မက်လိုက်ရှာနေတဲ့ မျက်စိ တဘက်လပ် ပင်လယ်ဓါးပြတွေလား၊ ဒါမှမဟုတ် အားလုံးရဲ့ မျက်ရည်တွေကို ခိုးယူသွားတဲ့ တော်လှန်ရေးစစချင်းမှာပဲ အသက်ပေးလိုက်ရတဲ့ အညတရတော်လှန်ရေးသမား တဦးလား၊ ဒါမှမဟုတ် သူ့ရဲ့ မပြီးဆုံးသေးတဲ့ ဆန္ဒရှည်ကြီးကို မီးတုတ်တခုလို ဆက်လက်ကိုင်ဆောင်လို့ အမှောင်တိုက်ထဲ အရဲစွန့်ဝင်သွားသူတွေပဲလား။

ငယ်ငယ်တုန်းကတော့ များသောအားဖြင့် ကျွန်တော့်ကို နာကျင်စေတာ အမေ့ရဲ့ မျက်ရည်တွေပဲ၊ အမေ့ရဲ့ မျက်ရည်တွေကိုတော့ အိမ်ရဲ့နေရာ အနှံ့အပြားမှာ ကျွန်တော် မြင်ခဲ့ဖူးတယ်၊ မီးဖိုချောင်ထဲ ဟင်းချက်နေရင်း အမေကျနေတဲ့ မျက်ရည်တွေ၊ ဘုရားကန်တော့နေရင်း ကျနေတဲ့ မျက်ရည်တွေ၊ ဘေစင်မှာ ပန်းကန်တွေ ဆေးနေရင်း အသံမထွက်ဘဲ တိတ်တဆိတ်ကျနေတဲ့ အမေ့ရဲ့မျက်ရည်တွေ၊ အများဆုံးကတော့ အိပ်ယာပေါ်မှာ တဘက်ကို စောင်းလှဲလို့ မျက်ရည်ပူတွေ ကျနေတဲ့ မြင်ကွင်းတွေ၊ အခြားတဘက်မှာလည်း အဲဒီမျက်ရည်တွေက အမေ့ကို ခွန်အားတမျိုး ပြန်ပေးခဲ့သလို ကျွန်တော်တို့ ကိုလည်း အမှောင်တိုက်ဆီကနေ ကယ်ဆယ်ပေးနိုင်ခဲ့တာတွေရှိတယ်၊ ကျွန်တော်တို့ဟာ ကျွန်တော် တို့ကြောင့် ကျခဲ့ရတဲ့ အမေ့ရဲ့ မျက်ရည်ပူတွေကို လက်ခုံနဲ့သုတ်ပေးဖို့ဆိုတဲ့ ဆန္ဒမျိုးကလည်း ဘဝမှာ တချိန်မဟုတ် တချိန်တော့ ပေါ်ခဲ့ဖူးကြတာပဲမဟုတ်လား၊

တခါတလေတော့လည်း ဒီတိုင်းပြည်ကြီး ကို အကောင်းဆုံးဖော်ညွှန်းနိုင်မှုဟာ အိမ်ရှင်မတွေရဲ့ မျက်ရည်တွေပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်မိတယ်၊ သားကို ဆုံးရှုံးလိုက်ရလို့ ကြီးစွာသော နာကျင်မှုနဲ့ ကျလာတဲ့ သားသည်အမေရဲ့ မျက်ရည်တွေ၊ လင်ယောကျ်ားကို ဆုံးရှုံးလိုက်ရလို့ ကျလာတဲ့ ဇနီးမယားတဦးရဲ့ ပူဆွေး မျက်ရည်တွေ၊ ဒီမျက်ရည်တွေကိုတော့ ဒီတိုင်းပြည်ရဲ့ နေရာအနှံ့မှာ၊ ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့ တွေ့နိုင်ခဲ့တယ်၊ မိစ္ဆာတွေကတော့ ဒီမျက်ရည်တွေကို စားသုံးရင်း ကြီးထွားလာခဲ့တာ ဖြစ်ကောင်းဖြစ်မှာပေါ့၊ ဒါပေမဲ့ အခြားတဘက်မှာလည်း အဲဒီအမျိုးသမီးတွေရဲ့ မျက်ရည် နောက်ကွယ်က နာကျည်းမှုနဲ့ နာကျင်မှုဟာ ကျနော်တို့ထက် ပိုပြင်းထန်ပြီး ပိုမိုမာကျောတယ်၊ ဒါကြောင့်ပဲ ဘဝကပေးတဲ့ ဆုံးရှုံးမှုတွေနဲ့ နာကျင်စရာတွေကို ညီတူမျှတူ ခံစားရရင်တောင်မှ အမျိုးသမီးတွေဟာ မြန်မြန်ဆန်ဆန်ပဲ ပြန်ရုန်းထနိုင်တာ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ အရမ်းချစ်ရတဲ့ သားကို/ ချစ်သူကို/ ဇနီးမယားကို ဆုံးရှုံးရလိုက်လို့ အဲဒီကရတဲ့ နာကျင်မှုဒဏ်ကြောင့် ဘဝကို ရေစုန်မျှောပစ်၊အရက်ထဲခေါင်းနှစ်ခဲ့တဲ့ ယောကျ်ားသားများကိုလည်း ကျွန်တော်တို့များစွာ ဖြတ်သန်း ခဲ့ရပေမယ့် အမျိုးသမီးအများစုကတော့ နေ့ရှိသရွေ့ မျက်ရည်ကျနေတယ်ဆိုဦးတော့ သူတို့ ပြန်နိုးထလာခဲ့ကြတယ်၊ ထိကရုန်းတွေလိုပေါ့၊ လက်အေးကြီးတဖက်ကြီး သူတို့ရဲ့ အသက်ခွတ်ကို ခိုးယူသွားလည်း မနက်နေရောင်ခြည်အောက်မှာ အသက်ခွတ်အသစ်နဲ့ သူတို့ ပြန်နိုးထလာကြတယ်၊

ဒါဟာ မျက်ရည်တွေရဲ့အား ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ မျက်ရည်တွေက ကျွန်တော်တို့ကို အသစ်တဖန် ပြန်ဖြစ်စေတယ်ဆိုတာကို ကျနော် ဒီလိုယုံကြည်တယ်၊ အထူးသဖြင့် မျက်ရည်တွေနဲ့ တည်ဆောက်ထားတဲ့ တိုင်းပြည်တခုမှာ၊ ဆင်သေကောင်နောက်ကို လိုက်ရင်း ကိုယ့်ဘဝနဲ့ကိုယ် ဝေးသထက်ဝေးသွားရတဲ့ ကျွန်တော်တို့ရဲ့ အညတရဘဝတွေဆီမှာ ။

(အမေ နဲ့ မိုင်ဒီးယားဟီနမ် သို့ ...)

လတ်လွန်းဝေဦး




## မင်း 'ပျောက်' နေတာကို သူတို့ 'ကြား' သွားခဲ့ရင်

အိမ်ကစထွက်လာကတည်းက ကိုယ့်ကိုယ်ကို လုံခြုံစွာထုတ်ပိုးသိမ်းဆည်းပြီး ကိုယ်ယောင် ဖျောက်နေခဲ့တာ။ ကိုယ့်မှာ မှတ်ပုံတင်မရှိ၊ သန်းခေါင်စာရင်းမရှိ၊ နာမည်အရင်းမရှိ၊ မိသားစုမရှိ၊ ဘဏ်ကဒ်မရှိ၊ ထောက်ခံစာမရှိ၊ ဘွဲ့လက်မှတ်မရှိ၊ စာရင်းတွေထဲမှာလည်း ကိုယ်မရှိ။

တခါတလေ ပုန်းတာများသွားတဲ့အခါ ကိုယ့်ကိုယ်ကိုလည်း ပြန်ရှာရခက်။ တိုက်အောက် ထောင့်စွန်း တနေရာမှာ၊ အခင်းဖြစ်ပွါးရာနေရာမှာ၊ ရေတိုင်ကီထဲမှာ၊ အသက်ကယ်လှေကားအပေါ်မှာ။

အရာအားလုံးက စိတ်လှုပ်ရှားစရာတွေချည်း။

Fight Club ရဲ့ ပထမဆုံးစည်းမျဉ်းကလည်း Fight Club အကြောင်းကို မပြောကြဖို့ဘဲ။ အရင်ဆုံးလုပ်ရမှာက အသက်ကို ခပ်ပြင်းပြင်းရှူသွင်း Project Mayhem ရှိတယ်ဆိုတာကို ဦးနှောက်ထဲကမေ့ပစ်လိုက်။ နေ့ခင်းဖက်မှာ ကိုယ့်ဘဝကိုယ်ဆက်ရွှေ့လျားပြီး ညနေစောင်းဆို အမိုနီယမ်နိုက်ထရိတ်ကို ကပ်သီးကြိုးနဲ့ တွဲချည်ထား။

စိတ်ခါတ်တွေ ယိုင်နဲ့မသွားဖို့တော့ ဘယ်အရာကမှ စွမ်းသာမှာမဟုတ်ဘူး။ ရှေ့မှာ ဘာတွေရှိနေဦး မလဲ ဘယ်သူမှ ရေရေရာရာ ငါတို့ကို လာပြောပြမှာမဟုတ်ဘူး။ တော်လှန်ရေးက ခေတ်အလိုက် ပုံစံအသစ်နဲ့ လှလှပပ ဖူးပွင့်တယ်။ အခုဆို ချေဂွေဗားရား မပြောပြဖြစ်ခဲ့တာတွေလည်း ငါတို့ မျက်စိရှေ့မှာ မျက်ဝါးထင်ထင် မြင်နေရပြီ။

အဓိကတော့ ဘာကိုမှ တုံဆိုင်းမနေဘဲ မီးလျှံဆိုလည်း ခုန်ချလိုက်။ ငါတို့ကို ဘယ်သူမှ လာကယ်မှာမဟုတ်ဘူး၊ ဒီအတိုင်းပဲ ငါတို့သေသွားကြမယ်။ တချို့မှတ်မိမယ်၊ တချို့ပြန်တွေးတိုင်း တသသဖြစ်မယ်၊ တချို့လည်း နာကျင်လွန်းလို့ ငါတို့ပါဝင်တဲ့ အတိတ်မှတ်ဉာဏ်တွေကို မေ့ဖျောက်လိုက်ဖို့ ကြိုးစားကြလိမ့်မယ်။ ဒါတွေက ငါတို့ထိန်းချုပ်နိုင်တဲ့ ကိစ္စတွေမဟုတ်ဘူး။

ငါတို့ထိန်းချုပ်နိုင်တာ ငါတို့ကို စောက်ခွက်ထိုးလာတဲ့အခါ ပြန်ထိုးရဲတဲ့ သတ္တိ၊ ငါတို့ရှေ့မှာဖြစ်နေတဲ့ မညီမျှမှုတွေကို ဖြေရှင်းနိုင်စွမ်း၊ စိတ်ရိုင်းစိတ်ယုတ် တွေဖြစ်လာရင် ထိန်းမတ်ပေးမယ့် ချစ်ခြင်းမေတ္တာ။ ဒါတွေက ငါတို့ လက်နက်တန်ဆာပလာ အကုန်ပါပဲ။

အဲ့ထက် ပိုယူလာခဲ့စရာလည်း မလိုဘူး၊ အဲ့ထက်လျော့နေရင်လည်း လမ်းခရီးမှာ မင်းအသည်းနှလုံး စုတ်ပြတ်ကြေမွလိမ့်မယ်။

မင်း 'ပျောက်' နေတာ သူတို့မ 'ကြား' စေနဲ့၊
မင်းရောက်တဲ့နေရာ
သူတို့လိုက်လာခဲ့ရင်လည်း
သူတို့အားလုံးကို ပြန်လမ်းမရှိအောင်
တစစီ ဖောက် .. ခွဲ .. ပစ် .. လိုက် .. ။

မေမြတ်ဇော်

# စစ်လက်နက်ကဏ္ဍ



အမ်အေ - ၉ (၆၀ မမ ကွန်မန်ဒိုစိန်ပြောင်း)

## အမ်အေ - ၉ (၆၀မမ ကွန်မန်ဒိုစိန်ပြောင်း )

တော်လှန်ရေးကာလတလျှောက် စစ်ကောင်စီတပ်အနေနဲ့ တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့၊ အသုံး ပြုနေဆဲဖြစ်တဲ့ လက်နက်တွေထဲမှာ ၆၀မမ ကွန်မန်ဒိုစိန်ပြောင်းလည်း အပါအဝင် ဖြစ်ပါတယ်။ ၆၀မမ ကွန်မန်ဒိုစိန်ပြောင်းကို မြန်မာနိုင်ငံမှ ထုတ်လုပ်ပြီး ပြောင်းအချင်း ၆၀.၆ မီလီမီတာ၊ အလေးချိန် ၁၆.၂ပေါင် အလေးချိန်ရှိပါတယ်။ ၁ မိနစ်ကို (အမြန်) အလုံး ၃၀၊ ကျွမ်းကျင် ၅လုံး၊ တိကျ ၃လုံး ပစ်ခတ်နိုင်ပါတယ်။ အနီးဆုံး ၂၅၀မီတာ၊ အဝေးဆုံး ၁၂၅၀ မီတာအထိ ပစ်ခတ်နိုင်ပြီး အကူ ယမ်းထုတ် ၆ ထုပ်ပါဝင်ပါတယ်။ ကျည်အမျိုးအစား ၆၀မမ စိန်ပြောင်းခွင်းဗုံး အသုံးပြုပါတယ်။ ၆၀မမ တာဝေးပစ်စိန်ပြောင်းထက် ပြောင်းတိုပြီး သယ်ရလွယ်ကူပါတယ်။



အမ်အေ - ၁၅ အလတ်စား စက်သေနတ်

## အမ်အေ - ၁၅ အလတ်စားသေနတ် (ငါးကြင်းမြီး)

မူလဂျာမနီနိုင်ငံက ထုတ်လုပ်ပြီး အမ်အေ - ၁၅ ကိုမြန်မာနိုင်ငံတွင်ထုတ်လုပ်ပါတယ်။ သေနတ် အလေးချိန် (နှစ်ချောင်း ထောက်အပါ ) ၂၅.၃၅ပေါင် ရှိပြီး ကျည်အမျိုးအစား ၇.၆၂ ၅၁မီလီလီတာ ကိုသုံးပါတယ်။ ကျည်အိမ် (Drum Box) ကျည် ၁၀၀တောင့်အထိ တပ်ဆင်ပစ်ခတ်နိုင်ပါတယ်။ ထိရောက်မှုအကွာအဝေး ၈၀၀ မီတာရှိပြီး အဝေးဆုံး ၄၀၀၀ မီတာအထိ ပစ်နိုင်ပါ တယ်။ ၁ မိနစ် ပစ်ခတ်နှုန်း ၁၁၅၀တောင့်မှ ၁၃၀၀တောင့် အထိပစ်ခတ်နိုင်ပြီး ပြောင်းထွက်အရှိန် ၈၂၀ မီတာ/စက္ကန့် ရှိပါတယ်။

*ကိုးကား - REVOLUTIONARY NOTE*

## ဆောင်းပါးကဏ္ဍ




# စစ်သတင်းအချက်အလက်နှင့်စစ်နည်းပရိယာယ်

စစ်၏အမြင့်ဆုံးလုပ်ရပ်သည် ရန်သူကိုမတိုက်ရဘဲ လှည့်စားအနိုင်ယူခြင်းဖြစ်သည်ဟု ဆွန်ဇူး ပြောထားခဲ့သည်။ ရန်သူကို တိုက်ခိုက်ချေမှုန်း၍ မြို့များကို တိုက်ခိုက်ဖျက်ဆီးကာ အောင်နိုင် ခြင်းသည် သာမာန်မျှသာ ဖြစ်သည်။ ရန်သူကို မိမိတပ်အင်အားဖြင့် မတိုက်ခိုက်ရဘဲ လှည့်စား လက်နက်ချစေပြီး အောင်နိုင်ခြင်းကသာ စစ်၏အမြင့်ဆုံးစွမ်းဆောင်ရည်ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။ ထိုသို့သောအောင်မြင်မှုကိုရယူနိုင်ရန် စစ်သတင်းအချက်အလက်နှင့် စစ်နည်းပရိယာယ် သည် အဓိကကျသည်။

စစ်၏သဘောတွင် ရန်သူမှဖြစ်စေ မိမိမှဖြစ်စေတိုက်ခိုက်ရာတွင် သတင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်း၊ အုပ်ချုပ်ရေး၊ ဆက်သွယ်ရေး (တင်း၊ ရည်၊ လုပ်၊ အုပ်၊ ဆက်) ဟူ၍ရှိရာ သတင်းသည် ထိပ်ဆုံးတွင် ရှိပြီး အလွန်အရေးကြီးပါသည်။ သတင်းမရှိဘဲ မည်သည့်အရာမှ ဆက်လက်လုပ်ဆောင်၍ မအောင်မြင်နိုင်ပါ။ သတင်းဟုဆိုရာတွင် မိမိသတင်းလုံခြုံမှုအပြင် ရန်သူ့သတင်းရရှိမှုသည်လည်း အရေးကြီးသည်။ ထို့ကြောင့် နှုတ်လုံမှု၊ သတင်းလုံခြုံမှု၊ စာရွက်စာတမ်းလုံခြုံမှု၊ အသုံးပြုလျက် ရှိသော ဖုန်း၊ ကွန်ပျူတာ၊ လူမှုကွန်ယက်စာမျက်နှာများ လုံခြုံမှု စသဖြင့် အထူးသတိထားဖို့လိုသည်။

ရန်သူကိုလှည့်စားနိုင်ရန် မိမိဘက်မှသတင်းအချက်အလက်များ မပေါက်ကြားအောင် ကာကွယ် ထိန်းသိမ်းနိုင်ခြင်း၊ ရန်သူ၏လျှို့ဝှက်ချက်များကို သိရှိနိုင်ရန်စီမံနိုင်ခြင်း၊ ရန်သူမှမိမိတပ် အပေါ် အကဲဖြတ်ချက်မှားစေရန် သတင်းမှားများ ထုတ်လွှင့်နိုင်ခြင်း တို့လိုအပ်သည်။ စစ်အောင်နိုင် ရန် ရန်သူ့အခြေအနေနှင့်မိမိအခြေအနေကို စေ့စပ်မှန်ကန်စွာသိရှိခြင်းနှင့် ထိုသိရှိထားမှုကို အခြေခံ ၍ မှန်ကန်သော စစ်နည်းပရိယာယ်များ ချမှတ်နိုင်ခြင်းတို့ လိုအပ်သည်။ ထို့ကြောင့် စစ်အောင်နိုင်ရေး အတွက် မိမိတပ်၏အလေ့အကျင့်များ၊ အားနည်းချက်များ၊ နည်းပညာများ၊ အင်အား၊ ရွှေ့လုပ်ငန်းစဉ်များ၊ လက်နက်ခဲယမ်းပိုင်ဆိုင်မှု့အခြေအနေများ စသည့်မိမိဘက် အခြေအနေများ ရန်သူထံ မပေါက်ကြားရန် အထူးအရေးကြီးပေသည်။ ရန်သူသိရှိပြီးသော မိမိတို့ အသုံးပြုသည့်စစ်လက်နက်၊ တိုက်ခိုက်နည်းစနစ်၊ စစ်နည်းပရိယာယ် များသည် အောင်ပွဲကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ဘဲ၊ ရန်သူမသိရှိသေးသော လက်နက်ခဲယမ်း၊ တိုက်နည်းစနစ်၊ စစ်နည်းပရိယာယ်များကသာ ရန်သူကို အလစ်အငိုက်ရပြီး အောင်ပွဲထိတွန်းတင် နိုင်မည် ဖြစ်ကြောင်း အလေးအနက်သိထားဖို့ လိုပေသည်။

အောင်ပွဲရတိုင်း လူမှု့မီဒီယာတွင်တင်၍ ကြွားဝါခြင်း၊ မိမိစိတ်ဆန္ဒနှင့်မတိုက်ဆိုင်သည့် အခါတိုင်း လူမှုမီဒီယာတွင် မကျေနပ်ချက်များကိုဖော်ပြခြင်း၊ စသည့်အပြုအမူများသည် ရန်သူကို အသိမဲ့စွာ အလုပ်အကျွေးပြုနေကြခြင်းဖြစ်သည်။ ရန်သူမှမိမိတို့၏ အလေ့အကျင့်နှင့်လျှို့ဝှက်ချက် များကို အလွယ်တကူသိရှိပြီးဖြစ်သဖြင့် ရန်သူကိုလှည့်စားအနိုင်ယူရန် မဖြစ်နိုင်တော့ဘဲ အင်အားအသုံးပြု တိုက်ခိုက်ချေမှုန်းရသည့် နည်းနာကိုအသုံးပြုရသဖြင့် အင်အားနှင့်ခဲယမ်း လိုအပ်ချက်များလာကာ တော်လှန်ရေးကြန့်ကြာမှု့များ ဖြစ်ပေါ်လာနိုင်ပေသည်။ တော်လှန်ရေး ကာလ အစပိုင်းအခြေနေများတွင် စောလျင်စွာ အောင်ပွဲခံမှုများ၊ သတင်းပေါက်ကြားမှုများကြောင့် ရန်သူမှဝင်ရောက်စီးနင်း တိုက်ခိုက်ခံရခြင်းများ၊ စစ်စခန်းများ ဖျက်ဆီးခံရခြင်းများ၊ စစ်ကြောင်းချီရာ လမ်းကြောင်းများကို လေကြောင်းမှဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခံခဲ့ရသည်ကို ကြုံခဲ့ရပြီး ဖြစ်သည်။

ယနေ့အောင်ပွဲဆက်တိုက်ရယူနေသော တပ်များ၏အတွင်းရေးအချက်အလက်များ၊ ညည်းညူသံ များကို လူမှု့မီဒီယာပေါ်တွင်ရှာဖွေ၍ မတွေ့နိုင်ကြောင်းကို သတိထားမိကြမည် ထင်ပါသည်။ ရန်သူကိုသေချာမချိန်ဘဲပစ်လိုက်သော ကြောင့် လေထဲတွင်အလဟသဖြစ်သွားသော ကျည်တတောင့်သည် ပြည်သူလူထု၏ မျက်ရည်တစက်၊ သွေးတစက်၊ ချွေးတစက်ဖြစ်နိုင်သကဲ့သို့ သေချာစဉ်းစားချင့်ချိန်ခြင်းမရှိဘဲ လူမှု့ကွန်ယက်ပေါ်တွင် တင်လိုက်သော သတင်းတပုဒ်သည် အောင်ပွဲသို့ရောက်ရန် တရက်၊ တလ၊ တနှစ်ခန့်ပိုကြာသွားနိုင်ကြောင်းကို အထူးသတိချပ်ကြရန် လိုအပ်ပေသည်။

ရဲဘော်မိုးဦး
စစ်ဦးစီးအရာရှိချုပ်
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)



## ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးယဉ်ကျေးမှု စံဝလေ့သဘောတရားနှင့်ခေါင်းဆောင်မှုရေး


ယခုရက်ပိုင်းအတွင်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကို တောင်းဆိုလာမှုများ နိုင်ငံတကာအသိုင်းအဝန်းမှာ ခပ်စိပ်စိပ် တွေ့မြင်လာရတာဟာ ဝမ်းသာစရာ ဖြစ်ပါတယ်။ စစ်ကောင်စီ အာဏာသိမ်းလိုက်ပြီးနောက် အစောပိုင်းကာလက ၂၀၂၁ ဒီမိုကရေစီကြိုးပမ်းမှုဟာ သူမနဲ့ မဆိုင်သလို၊ သူမကို မလိုအပ်တော့သလို စသဖြင့် ပြည်တွင်းနဲ့ ပြည်ပမီဒီယာတွေက သော်လည်းကောင်း၊ အခြားသော စကားဝိုင်းတွေက သော်လည်းကောင်း တဆင့်ဝါဒဖြန့်မှုတွေ မနည်းမနောရှိခဲ့ကြပါတယ်။ တကယ်တော့ မြန်မာပြည်ဒီမိုကရေစီအရေး ကြိုးပမ်းလှုပ်ရှားမှုကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ခွဲခြား မြင်လို့ မရနိုင်ပါ။ ၂၀၂၁ ခုနှစ် မြန်မာလူထုရဲ့၊ အထူးသဖြင့် လူငယ် မျိုးဆက်သစ်တွေရဲ့ ဒီမိုကရေစီအရေး စွမ်းစွမ်းတမံ ကြိုးပမ်းမှုဟာ ဒေါ်အောင်ဆန်းစုကြည် ပျိုးထောင် ပေးခဲ့တာရဲ့ အကျိုးဆက်လို့ဆိုရင် ဆိုနိုင် ပါတယ်။ ဘာကြောင့်လဲ။

ဒေါ်အောင်ဆန်းစုကြည်က ထောင်ထဲကနေ မစ္စတာရှောင်တာနဲ့ကို အမှာပါးလိုက်သော စကားတွေထဲမှာ အထက်ပါ အယူအဆကို ထင်ဟပ်တဲ့ စကားတစ်ခွန်း ပါလာခဲ့တယ်။ "ပြည်သူတစ်ဦးချင်းစီ အတွက် ကျမ အရမ်းဂုဏ်ယူတယ်။ အထူးသဖြင့် လူငယ်တွေအတွက် ကျမ ဂုဏ်ယူတယ်။ ဒီမိုကရေစီရဲ့ အရသာကို နှစ် အနည်းငယ်လေးလောက်ပဲ သူတို့ကြုံခဲ့ရပေမယ့် ဒီစနစ်ကိုတန်ဖိုးထားခုခံကာကွယ်လိုစိတ် အပြည့် ရှိတာကို တွေ့ရလို့ ကျမဝမ်းသာတယ်။" ဒီစကားရဲ့နောက်ကွယ်မှာ သူမျှော်မှန်းခဲ့တဲ့၊ သူလမ်းပြပျိုးထောင် ခဲ့တဲ့ နိုင်ငံရေးစံဝလေ့ (Political Culture) ဆိုင်ရာသဘောတရားအချို့ပါဝင်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လျှောက်ခဲ့တဲ့လမ်း၊ အခု အမှာပါးလိုက်တဲ့ စကားနဲ့ ၂၀၂၁ ဒီမိုကရေစီအရေး ကြိုးပမ်းမှုဟာ အဆက်အစပ်ရှိနေတယ် ဆိုတာကို အောက်ပါသီအိုရီအယူအဆများက ထောက်ပံ့ပေးနေ ပါတယ်။

နိုင်ငံရေးဖြစ်စဉ်၊ ဖြစ်ရပ်တွေကို လေ့လာဆန်းစစ်ကြတဲ့အခါ နိုင်ငံရေးသိပ္ပံမှာ အခြေခံ အသုံးပြုတဲ့ အဓိက သီအိုရီချဉ်းကပ်မှုကြီး သုံးမျိုးရှိပါတယ်။ အဲဒါတွေကတော့ institutional approach, rationality approach and cultural approach ဖြစ်ပါတယ်။ institutional approach ဆိုတာက နိုင်ငံရေးဖြစ်စဉ် ဖြစ်ရပ်တွေဟာ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ နိုင်ငံရေး ဆုံးဖြတ်ချက်တွေ၊ အပြုအမူတွေ ဆီကနေ လာရလေ့ရှိပြီး အဆိုပါ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေ၊ လုပ်ဆောင်ချက်တွေ ဟာလည်း သက်ဆိုင်ရာ လူ့အဖွဲ့အစည်းမှာ ရှိနေတဲ့ ဥပဒေမူဘောင်၊ အင်စတီကျူးရှင်းမူဘောင် အကန့် အသတ်အတွင်းကနေပဲ လာရလေ့ ရှိတယ်လို့ ဆိုပါတယ်။ rationality approach ဆိုတာကတော့ နိုင်ငံရေး ဆုံးဖြတ်ချက်တွေကို ချမှတ်ကြတဲ့ နိုင်ငံရေးဇာတ်ကောင်တွေဟာ လူသားပီပီ မိမိတစ်ကိုယ်ရေ အကျိုးစီးပွား၊ သို့မဟုတ် မိမိသက်ဆိုင်ရာအဖွဲ့အစည်း အကျိုးစီးပွားကို ရှေးရှုလေ့ရှိပြီး ၎င်းတို့အတွက် ကောင်းကျိုး အများဆုံးဘယ်လိုဖော်ဆောင်မလဲနဲ့ ဆိုးကျိုးအနည်းဆုံး ဘယ်လိုဖော်ဆောင်မလဲဆိုတဲ့ ဈေးတွက် တွက်နည်း အခြေခံစဉ်းစားချက် (cost and benefit calculation) ကနေပေါ်ထွက်လာလေ့ ရှိတယ်လို့ဆိုကြပါတယ်။ institutional approach နဲ့ rationality approach ဟာ ပင်မနိုင်ငံရေး သီအိုရီကြီးတွေဖြစ်လို့အလွန်ကျယ်ပြန့်ပါတယ်၊ သူတို့ချဉ်းကပ်မှုကို အခြေခံပြီး ပေါ်ထွက်လာတဲ့ သီအိုရီငယ်ပေါင်းများစွာလည်းရှိပြီး ဒီနေရာမှာ သူတို့ကိုရှင်းပြလိုရင်း ရည်ရွယ်ချက်မဟုတ်တာမို့ အသေးစိပ်မဆွေးနွေးလိုတော့ပါဘူး။

ဒီနေရာမှာ အဓိကပြောချင်တဲ့ သီအိုရီက အပေါ်မှာ ပြောခဲ့တဲ့အကြောင်းအရာနဲ့ ဆက်စပ်နေတဲ့ cultural approach ပါ။ နိုင်ငံရေးဖြစ်စဉ်တွေပေါ်ထွက်လာမှုရဲ့ အကြောင်းအရင်းအခံဖြစ်တဲ့ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ ဆုံးဖြတ်ချက်တွေ၊ အပြုအမူတွေဟာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းထဲမှာ ရှိနေတဲ့ နိုင်ငံရေး ယဉ်ကျေးမှုစံဝလေ့ (Political Culture)

တွေမှာ မြစ်ဖျားခံလေ့ရှိတယ်လို့ဆိုပါတယ်။ တနည်းအားဖြင့် နိုင်ငံရေးယုံကြည်မှု၊ နိုင်ငံရေးစံတန်ဖိုးတွေက အရေးကြီးတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံရေး ယဉ်ကျေးမှုစံဓလေ့ (Political Culture) ဆိုတာ နိုင်ငံရေးဖြစ်စဉ်တွေရဲ့ အသွင်သဏ္ဍာန်နဲ့အနှစ်သာရကို ဖြစ်ထွန်းပေါ်ပေါက်စေတဲ့ နောက်ခံ အခြေခံ စံတန်ဖိုး၊ ခံယူချက်နဲ့ သိမှုဆိုင်ရာ အစုအပေါင်းတွေပဲ ဖြစ်တယ်၊ တနည်းအားဖြင့် နိုင်ငံရေးဆိုင်ရာ လက်ခံယုံကြည်မှု၊ မယုံကြည်မှုတွေကို ပြဋ္ဌာန်းပေးတဲ့ အခြေခံယုံကြည်ချက် ဖြစ်တယ်၊ နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) ဆိုတာ လူသားတွေရဲ့ မွေးရာပါ ဗီဇ မဟုတ်ပါဘူး၊ သူကျင်လည်ရာ ဒေသနဲ့ခေတ်စနစ်ဝန်းကျင်ထဲကနေ လေ့ကျက်သင်ယူ ကြရတဲ့အရာလို့ ဆိုပါတယ်၊ အဲဒီလို နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့တွေကို လေ့ကျက်သင်ယူရတဲ့ ဖြစ်စဉ်ကို ပညာရှင်တွေက Political Socialization ဖြစ်စဉ်လို့ ခေါ်ကြပါတယ်။ ဒါကြောင့် cultural approach အရ ကြည့်မယ်ဆိုရင် နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့တွေကို လေ့ကျက်သင်ယူရတဲ့ဖြစ်စဉ် Political Socialization က နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) ကို မွေးဖွားပေးပြီး နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) က လူတွေရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်၊ နိုင်ငံရေး လုပ်ဆောင်ချက် (Political Decision/Action) တွေကို မွေးဖွားပေးတယ်လို့ ဆိုပါတယ်။




နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) သဘောတရားနဲ့ပတ်သက်ရင် ပထမဆုံး လူမှုသိပ္ပံနည်းကျ စနစ်တကျ သုတေသနပြုဖော်ထုတ်ပြခဲ့သူတွေကတော့ ပညာရှင် Gabriel Almond နဲ့ Sidney Verba တို့ဖြစ်ပြီး the Civic Culture အမည်နဲ့ ၁၉၆၃ မှာ သုတေသနကျမ်းတစ်စောင် ထုတ်ဝေ ခဲ့ပါတယ်။ ၎င်းတို့ရဲ့သုတေသနတွေ့ရှိချက်အဆိုအရ နိုင်ငံရေးစနစ်တစ်ခု၊ အထူးသဖြင့် အဲဒီစနစ် အတွင်းမှာ ရှိတဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေ (ဥပမာ လွှတ်တော်၊ အစိုးရ စသဖြင့်) ရဲ့ သက်ဝင် လည်ပတ်မှုစနစ်နဲ့ အဲဒီစနစ်အတွင်းမှာ ရှိတဲ့လူတွေရဲ့ နိုင်ငံရေးဆိုင်ရာယုံကြည်မှုစံတန်ဖိုးတွေဟာ ထပ်တူ ကျတဲ့ အခါ အဲဒီစနစ်ဟာ တည်ငြိမ်ပြီး ရေရှည်ရှင်သန်နိုင်တယ်လို့ဆိုပါတယ်။ တည်ငြိမ်ပြီး ရေရှည် ရှင်သန်နိုင်မယ့် ဒီမိုကရေစီစနစ်ဖြစ်ဖို့ အကောင်းဆုံး နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ကတော့ Civic Culture ပဲဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ Civic Culture ဆိုတာကတော့ တာဝန်သိဒီမိုကရေစီနိုင်ငံသားကောင်း တစ်ယောက်အဖြစ် လက်ခံကျင့်သုံးနေထိုင်တတ်မှုနှင့် အစိုးရနဲ့နိုင်ငံသားကြား အပြန်အလှန်ယုံကြည် လေးစားမှုရှိတဲ့ စံဓလေ့မျိုးလို့ အကျဉ်းချုပ်ဆိုနိုင်ပါတယ်။ တပြိုင်နက်တည်းမှာပဲ နိုင်ငံရေးစနစ်တစ်ခုနဲ့ အဲဒီစနစ် အတွင်းမှာရှိတဲ့လူတွေရဲ့ နိုင်ငံရေးဆိုင်ရာယုံကြည်မှုစံတန်ဖိုးတွေဟာ ထပ်တူမကျတဲ့အခါ၊ တနည်းအားဖြင့် ဆန့်ကျင်မှုတွေရှိနေတဲ့အခါမှာတော့ Political alienation လို့ခေါ်တဲ့ နိုင်ငံရေးစနစ် အပေါ် အယုံအကြည်ကင်းမဲ့မှုဓလေ့က လူတွေကြားမှာပေါ်ပေါက်လာတတ် ပါတယ်တဲ့၊ Political alienation ပြင်းထန်လာတာနဲ့အမျှ နိုင်ငံရေးစနစ်အပြောင်းအလဲတွေကို ဖိအားပေးတောင်းဆိုလာတာတွေ၊ နောက်ဆုံးတော်လှန်ပုန်ကန်တာတွေ ဖြစ်လာတတ်တယ်လို့ ဆိုပါတယ်။

နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) သဘောတရားနဲ့ပတ်သက်ရင် Gabriel Almond နဲ့ Sidney Verba တို့နောက်ပိုင်း ဩဇာကြီးတဲ့ နောက်ထပ်ပညာရှင်တစ်ဦးကတော့ အမေရိကန် လူမှုသိပ္ပံ ပညာရှင် Ronald Inglehart ဖြစ်ပြီး ၎င်းကလည်း ၁၉၇၇ မှာ The Silent Revolution လို့ခေါ်တဲ့ နိုင်ငံရေးသုတေသနကျမ်းတစ်စောင် ပြုစုထုတ်ဝေခဲ့ပါတယ်။ Inglehart ရဲ့ သုတေသနတွေ့ရှိချက်မှာ အဓိကထောက်ပြတဲ့ အယူအဆကတော့ ရုပ်ဝါဒလွန်နိုင်ငံရေးယဉ်ကျေးမှု စံဓလေ့ (Post Materialism) အယူအဆပါ။ ၎င်းရဲ့အဆိုအရ လူတွေရဲ့ နိုင်ငံရေးယဉ်ကျေးမှု စံဓလေ့တွေဟာ အသိဥာဏ်ပညာကြွယ်ဝမှု အဆင့်အတန်း၊ လူနေမှုအဆင့်အတန်း မြင့်လာတာနဲ့အမျှ ရုပ်ဝတ္ထုအခြေခံမှု (material concern) ကနေ ရုပ်ဝတ္ထုအလွန်စံတန်ဖိုး (Post material concern) တွေကို အခြေခံမှုဆီသို့ ကူးပြောင်း လာတတ်ကြတယ်လို့ဆိုပါတယ်။ ရုပ်ဝတ္ထုအခြေခံမှု ဆိုတာကတော့ လူတွေရဲ့ စား၊ ဝတ်၊ နေရေးဆိုင်ရာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ရုပ်ဝတ္ထုတွေကို အဓိက အလေးထား အာရုံစိုက်တဲ့ဓလေ့မျိုးကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ရုပ်ဝတ္ထုအလွန်စံတန်ဖိုး (Post material concern) တွေကိုအခြေခံမှုဆိုတာကတော့ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု စတဲ့ လူသားအခွင့်အရေးတွေကို အဓိက အလေးထား အာရုံစိုက်တဲ့ဓလေ့မျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။ တနည်းအားဖြင့် လူတွေရဲ့ နိုင်ငံရေးဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှုတွေဟာ စားဝတ်နေရေးဆိုင်ရာ ရုပ်ဝတ္ထု အခြေခံစဉ်းစားချက်နဲ့ လုပ်ဆောင်ကြခြင်း မဟုတ်ပဲ လူ့ဂုဏ်သိက္ခာ နဲ့လူသားရပိုင်ခွင့်ဆိုင်ရာ အခြေခံစံတန်ဖိုးတွေကို အာရုံပြုစဉ်းစားချက်နဲ့ လုပ်ဆောင်ကြခြင်း ဖြစ်တယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ဒီအယူအဆတွေဟာ လက်ရှိနွေဦးတော်လှန်ရေးနဲ့

ဘယ်လိုပတ်သက်နေလဲ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၁၂ ခုနှစ်မှာ အဲ့အချိန်က သမ္မတဦးသိန်းစိန်နဲ့ တွေ့ဆုံပြီး နိုင်ငံရေး အကျဉ်းသားများလွတ်မြောက်ရေးနဲ့ နိုင်ငံရေးအရ ဖြေလျှော့ ရေးတို့ကို ညှိနှိုင်းသဘောတူညီမှု ရယူကာ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝင်ရောက်အ ရွေးခံပြီး အပြတ်အသတ်အနိုင်ရခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ စတင် လိုက်တဲ့ နိုင်ငံရေးဖြေလျှော့မှု အခင်းအကျင်းကြီးက ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီအထိ ၈ နှစ်ကျော် ကြာမြင့်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ယခင်က အန်တီလို့ အခေါ်ခံခဲ့ရာကနေ အမေလို့ အခေါ်ခံရတဲ့ အဆင့်ကို ရရှိခဲ့ပါတယ်။ တနည်းအားဖြင့် အမေလို့ခေါ်တဲ့ မျိုးဆက်သစ် တစ်ခုကို ရရှိလိုက်ပါတယ်။ အဲဒီကာလအတွင်းမှာ ဒေါ်အောင် ဆန်းစုကြည်ဟာ အခြေခံ လူထုနဲ့၊ လူငယ် မျိုးဆက်သစ်တွေ နဲ့ မြေပြင်မှာသော်လည်းကောင်း၊ အွန်လိုင်းကတဆင့်သော် လည်းကောင်း အကြိမ်ပေါင်းများစွာ ကြိုးစားထိတွေ့ခဲ့သလို ဒီ မိုကရေစီနိုင်ငံသားတွေ ကျင့်သုံးရမယ့် အခြေခံ စံတန်ဖိုးတွေနဲ့ အလေ့အကျင့်တွေကိုလည်း ပုံစံမျိုးစုံနဲ့လမ်းညွှန်ပြသပေးခဲ့သလို ကိုယ်တိုင်လည်း စံနမူနာကျင့်သုံးပြခဲ့တယ်။

၂၀၀၈ ခြေ/ဥအောက် စစ်တစ်ပိုင်းဒီမိုကရေစီခေတ်လို့ ဆိုပေမယ့် ၂၀၁၀ ရှေ့ပိုင်း စစ်အာဏာရှင်ခေတ် နဲ့နှိုင်းယှဥ်ရင် မြန်မာပြည်သူတွေဟာ ဒီမိုကရေစီဆိုင်ရာအခြေခံ လွတ်လပ်ခွင့် တွေကို အများကြီးခံစားခွင့် ရရှိခဲ့ပါတယ်။ ယခင်က နိုင်ငံရေး အကြောင်းပြောရင် နှစ်ကိုယ်ကြား တိုးတိုးလေးပြောနေကြရ တဲ့ အခင်းအကျင်းကနေ အဲ့ကာလမှာ ဆိုရှယ်မီဒီယာပေါ်မှတ ဆင့်၊ တရားဝင်မီဒီယာကြီးတွေကတဆင့် ဝေဖန် ပြောဆိုတာ တွေ လုပ်ခွင့်ရခဲ့တယ်။ စစ်တပ်ကို ပေါ်တင် ဝေဖန်နိုင်သလို အစိုးရကိုလည်း မကြိုက်ရင် မကြိုက်ကြောင်း ပွင့်လင်းစွာပြော နိုင်လာခဲ့တယ်။

အထူးသဖြင့် အဲဒီကာလမှာ လူမှန်းသိတတ်စ အရွယ်ရောက်လာတဲ့ လူငယ်မျိုးဆက်သစ်တွေ အတွက်တော့ အဲဒီလို ဝေဖန်ပြောဆိုခွင့်အပါအဝင် အခွင့်အရေးအတော် များများကို ရရှိခံစားနိုင်ခွင့် ဟာ သူတို့ နေ့စဥ်ပုံမှန်ဘဝရဲ့ အစိတ်အပိုင်းတစ်ရပ်လို ဖြစ်လာခဲ့ပါတယ်။ တပြိုင်နက်တည်း မှာ အဲဒီကာလ တလျှောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လူထု နဲ့ တွေ့ဆုံပွဲတွေမှာ Gabriel Almond နဲ့ Sidney Verba တို့ရဲ့ Civic Culture နဲ့ Inglehart ရဲ့ Post Materialism Value တွေ ကို သာမန်ပြည်သူတွေနားလည်မယ့် ဝေါဟာရတွေနဲ့ အများကြီး ဟောပြောပေးခဲ့ပါတယ်။ ဩဇာကြီးတဲ့ လူထုခေါင်းဆောင်တစ် ဦးရဲ့ စကားက လူထုရဲ့ခေါင်းထဲနဲ့ရင်ထဲကို အနည်းနဲ့ အများ စိမ့် ဝင်မှုရှိခဲ့သလို လူထုခေါင်းဆောင်ရဲ့ စွန့်စွန့်စားစား ဆုံးဖြတ်လိုက် ရတဲ့ ၂၀၁၂ ခုနှစ် နိုင်ငံရေး အရွေ့ဆုံးဖြတ်ချက်ရဲ့ အကျိုးဆက် နိုင်ငံရေး အတော်အသင့် ပြေလျော့မှု အခင်းအကျင်းကြီး က လည်း ဒီမိုကရေစီရဲ့ အရသာကို လူထုနဲ့လူငယ် မျိုးဆက်သစ် တွေ မြည်းစမ်းခွင့်ရစေခဲ့ပါတယ်။

အဲဒီကာလကြီးကို ဒီမိုကရေစီနိုင်ငံရေးယဥ်ကျေးမှုစံ ဓလေ့တွေကို လေ့ကျက်သင်ယူရတဲ့ ဖြစ်စဥ် Political Social- ization လို့ ပြောလို့ရပါလိမ့်မယ်။ အဲဒီဖြစ်စဥ်ကြီးကတဆင့် မြန်မာပြည်သူတွေကြားမှာ Gabriel Almond နဲ့ SidneyVerba တို့ပြောတဲ့ Civic Culture လို နိုင်ငံရေးယဥ်ကျေးမှုစံဓလေ့ (Po- litical Culture) မျိုးထွန်းကားလာခဲ့သလို Inglehart ပြောတဲ့ ရုပ်ဝတ္ထုလွန်စံတန်ဖိုး Post Materialism Value ကို အခြေခံတဲ့ နိုင်ငံရေးယဥ်ကျေးမှုဓလေ့ လည်းထွန်းကားလာခဲ့တယ်လို့ ဆို နိုင်ပါတယ်။ လူပေါင်း သိန်းသန်းချီတဲ့စုဝေးပွဲတွေမှာ ပွဲပြီးတာ နဲ့ အမှိုက်တစ်ခုမကျန်အောင် ကိုယ့်တာဝန် ကိုယ်ယူခဲ့ကြပုံတွေ၊ အစိုးရအခွန်ကို လိုလိုလားလား ထမ်းခဲ့ကြပုံတွေ၊ ရွေးကောက်ပွဲ တွေမှာ နိုင်ရာအခန်း ကဏ္ဍကနေ တက်ကြွစွာပူးပေါင်းပါဝင် ခဲ့ကြတာတွေ စသဖြင့် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှု Policy Participation ဟာ အတော်ကိုမြင့်မားခဲ့တာတွေ့ရပါလိ မ့်မယ်။ အနီးဆုံးကြည့်မယ်ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါဘေး ကို ငွေကြေး၊ နည်းပညာအပါအဝါ အရင်းအမြစ် အကန့်အသတ် များစွာနဲ့ စီမံတားဆီး နေကြတဲ့ အစိုးရ မူဝါဒ ဖော်ဆောင်မှုတွေ ကို အဲဒီကာလ လူထုရဲ့ တာဝန်သိသိပူးပေါင်း ပါဝင်မှုတွေဟာ ဒီယဥ်ကျေးမှုရဲ့ နမူပြယုဂ်တစ်ခုလို့ပြောလို့ရမယ်ထင်ပါတယ်။

အထူးသဖြင့် အဲဒီ ၈ နှစ်တာကာလမှာ လူမှန်းသိတတ်စ အရွယ်ရောက်လာတဲ့ လူငယ် မျိုးဆက်သစ်တွေကို အဲဒီနိုင်ငံရေး ယဥ်ကျေးမှုဓလေ့က ရှေ့မျိုးဆက်တွေထက် ပိုမိုအားကောင်းစွာ လွှမ်းမိုးခဲ့တယ်လို ဆိုရမယ်ထင်ပါတယ်။ မြန်မာပြည်သူလူထု ဟာ အဲဒီလိုကျင်လည်လာရာကနေ ၂၀၂၁ စစ်အာဏာသိမ်းမှုနဲ့ ရင်ဆိုင်လိုက်ရတဲ့အခါ၊ သူတို့မှာ ထွန်းကားအားကောင်းလာနေ တဲ့ ဒီမိုကရေစီနိုင်ငံရေးယဥ်ကျေးမှု ဓလေ့ရဲ့ အခြေခံယုံကြည်မှု စံတန်ဖိုးတွေနဲ့ ရုတ်တရက်ပေါ်လာတဲ့ စစ်အာဏာရှင်စနစ်တို့ ဟာ အကြီး အကျယ်ထိပ်တိုက်တွေ့ပြီး Political alienation လို့ ခေါ်တဲ့ နိုင်ငံရေးစနစ်အပေါ် အယုံအကြည်ကင်းမဲ့မှု လက္ခဏာ ပေါ်ထွက်လာပါတယ်။ အထူးသဖြင့် အဲဒီစစ်အာဏာရှင်စနစ် ကို ခါးခါးသီးသီးလက်မခံနိုင်ဆုံး မျိုးဆက်က ၈ နှစ်တာကာလ အတွင်း အရွယ်ရောက်လာပြီး ဒီမိုကရေစီအခွင့်အရေးခံစား ခွင့်ကို နေ့စဥ် ပုံမှန်ဘဝရဲ့အစိတ်အပိုင်းတစ်ရပ်လို ဖြစ်နေခဲ့တဲ့ လူငယ်မျိုးဆက်သစ်တွေပဲဖြစ်ပါတယ်။

ဇအကျိုးဆက်အနေနဲ့ ၂၀၂၁ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ လူထုအင်အားက အံ့မခန်း ကြီးမားခဲ့သလို တစိုက်မတ်မတ်ဖြစ်မှုကလည်း မြန်မာ့သမိုင်းထဲက ယခင်ခေတ်အဆက်ဆက်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေထက် ပိုမိုအားကောင်းရှည်ကြာခဲ့ပါတယ်။ အဲဒီထဲမှာ လူငယ်မျိုးဆက်သစ်တွေရဲ့ ပါဝင်မှုနဲ့ တက်ကြွမှုက အားအကောင်းဆုံးဖြစ်လာခဲ့ပါတယ်။ ၂၀၂၁ စစ်အာဏာရှင်တော်လှန်ရေးမှာ အားအကောင်းဆုံးမျိုးဆက်အဖြစ် Gen Z လို့ပင် သတ်မှတ်ရတဲ့ အဆင့်အထိ ဖြစ်ခဲ့ပါတယ်။ တချိန်တည်းမှာ ၂၀၂၁ စစ်အာဏာရှင်တော်လှန်ရေးမှာ ပါဝင်ကြတဲ့ လူတွေကို ပြန်ကြည့်ရင်လည်း စားဝတ်နေရေး အခြေခံရုပ်ဝတ္ထု လိုအပ်ချက်အရ ပါဝင်ခြင်းမျိုး မဟုတ်တာ ကိုလည်းတွေ့ရပါလိမ့်မယ်၊ အများစုက ပညာတတ်၊ ငွေကြေးအတော်အသင့်ပြေလည်သူတွေ ဖြစ်နေတာတွေကိုလည်း တွေ့ရပါ လိမ့်မယ်။ တနည်းအားဖြင့် ဒါဟာ Gabriel Almond နဲ့ Sidney Verba တို့ပြောတဲ့ Civic Culture နဲ့ Inglehart ပြောတဲ့ Post Materialism Value တို့ကို အခြေခံတဲ့ နိုင်ငံရေးယဉ်ကျေးမှုဓလေ့စံတန်းဖိုးတွေနဲ့ ပါဝင်ခြင်းဖြစ်တယ်လို့ ပြောလို့ရပါလိမ့်မယ်။ တကယ်တမ်းပြန်သုံးသပ်ကြည့်ရရင် ၂၀၁၀ ခုနှစ်ရှေ့ပိုင်းမှာ ဒီမိုကရေစီတော်လှန်ရေး အင်အားစုဟာ စစ်အစိုးရရဲ့ နည်းမျိုးစုံဖိနှိပ်မှုအောက်မှာ အတော့်ကို အင်အားချိနဲ့သွားခဲ့ပါပြီ၊ ၂၀၀၇ ရွှေဝါရောင် အရေးအခင်းဟာ ဒီမိုကရေစီတော်လှန်ရေးအင်အားစုတွေဘက်က နောက်ဆုံးပြနိုင်ခဲ့တဲ့ အင်အား၊ တနည်းအားဖြင့် နောက်ဆုံးကျည်ဆံလို့ ပြောရမလားပါပဲ။ အဲ့တုန်းက အရှိန်အမြင့်ဆုံး ရောက်ခဲ့တဲ့ အချိန်ဟာ ၂၀၀၇ စက်တင်ဘာ ၂၄၊ ၂၅၊ ၂၆ ရက်နေ့တွေဖြစ်ခဲ့ပြီး စစ်အစိုးရရဲ့ အကြမ်းဖက် ဖိနှိပ်မှုတွေ ရင်ဆိုင်ရပြီးနောက်ပိုင်းရက်တွေမှာ လူထုဆန္ဒပြပွဲတွေအကြီးအကျယ် လုပ်ဖို့ ဘယ်လိုမှ ပြန်တည်လို့ မရခဲ့တော့ပါဘူး၊ အဲ့နောက်ပိုင်းမှာတော့ အသုတ်လိုက် အသုတ်လိုက် ဖမ်းဆီးခံရ၊ ထောင်ချခံရရင်း ဒီမိုကရေစီအင်အားစုတွေဟာ လုံးပါးပါးသွားခဲ့ရပါတယ်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကြီးဟာ မျက်နှာသစ်တွေ၊ မျိုးဆက်သစ်တွေနဲ့ ဒီမိုကရေစီတော်လှန်ရေးကြီးကို အားသစ်ပြန်လောင်းလာတဲ့ အခင်းအကျင်းကြီး တစ်ခုပဲဖြစ်ပါတယ်။ ဒီမိုကရေစီအရေးလှုပ်ရှားတက်ကြွသူလူဟောင်းတွေ အတော်အသင့်ပါဝင် ပေမယ့် တကယ်အင်အား အစစ်က မျက်နှာသစ်မျိုးဆက်သစ်အင်အားစုတွေက အဓိက အင်အား အဖြစ်ပါဝင်လာခဲ့တာ တွေ့ရပါ လိမ့်မယ်။ ဒါဟာ ရှေ့မှာပြောခဲ့တဲ့ ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုစံဓလေ့တွေကို လေ့ကျက် သင်ယူရတဲ့ဖြစ်စဉ် Political Socialization ကနေ ဒီမိုကရေစီ အခြေခံအခွင့်အရေးနဲ့ရပိုင်ခွင့်တွေကို နှစ်သက်ခုံမင်ရယူလိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုစံဓလေ့ (Political Culture) ထွန်းကားမှုရဲ့ အကျိုးဆက် အနေနဲ့ ပေါ်ထွက်လာတဲ့ လက်တွေ့နိုင်ငံရေး ဆုံးဖြတ်ဆောင်ရွက်ချက် Political Decision/Action လို့ပြောလို့ရပါလိမ့်မယ်။ တနည်းအားဖြင့် ၂၀၁၂ ကနေ ၂၀၂၁ စစ်အာဏာသိမ်းမှုမဖြစ်မီ ကြားကာလကြီး တစ်ခုလုံးဟာ ဒီမိုကရေစီ တော်လှန်ရေးမျိုးဆက်သစ်တွေကို အားပြန်မွေးတဲ့ကာလကြီးတစ်ခုလို ဖြစ်သွားခဲ့ပါတယ်။

လက်ရှိ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအလွန် ဒီမိုကရေစီအရေးကြိုးပမ်းလှုပ်ရှားမှု ဖြစ်စဉ်ကြီး တစ်ခုလုံး ဟာ ၂၀၁၂ ခုနှစ်ကလူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် စွန့်စွန့်စားစား ဆုံးဖြတ်ချက် ချခဲ့ရတဲ့ နိုင်ငံရေးဆုံးဖြတ်ချက် အရွှေ့ကြီးနဲ့ အဲဒီကာလတလျှောက် လူထုခေါင်းဆောင်ဟောပြ လမ်းပြခဲ့တဲ့ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုစံဓလေ့သွတ်သွင်းမှု ဖြစ်စဉ်ကြီးနဲ့ အားကောင်းစွာ ဆက်စပ် နေတယ်လို့ ယူဆမိပါတယ်။ (အခွင့်အရေးရတဲ့အချိန်ကျရင် သုတေသနလုပ်သင့်တဲ့ Hypothesis လည်းဖြစ်ပါ လိမ့်မယ်)။ အဲဒါကြောင့်လည်း "ပြည်သူတစ်ဦးချင်းစီအတွက် ကျမ အရမ်းဂုဏ်ယူတယ်။ အထူးသဖြင့် လူငယ်တွေအတွက် ကျမဂုဏ်ယူတယ်။ ဒီမိုကရေစီရဲ့အရသာကို နှစ်အနည်းငယ်လေး လောက်ပဲ သူတို့ကြုံခဲ့ရပေမယ့် ဒီစနစ်ကိုတန်ဖိုးထားခုခံကာကွယ်လိုစိတ်အပြည့်ရှိတာကို တွေ့ရလို့ ကျမဝမ်းသာတယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်က မစ္စတာရှောင်တာနဲက တဆင့် ပြည်သူနဲ့ လူငယ်တွေကို အမှာစကားပါးလိုက်ခြင်းသာ ဖြစ်ပါတယ်။

ဇေယျာဦး

ကိုးကား


- Kenneth Newton & Jan W. Van Deth. (2010). Foundations of Comparative Politics. New York: Cambridge University Press.
- Rod Hague, Martin Harrop & John McCormick. (2016). Political Science: A Comparative Introduction (Eighth ed.). New York: Palgrave.



## ကတိ နှင့် သစ္စာ

ကတိသစ္စာ၊ တည်သောခါ၌၊
ဩဇာလေးနက်၊ ပေါ်စီတက်၍၊
နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏။
(ရှင်မဟာသီလဝံသ)

“မင်းမှာ သစ္စာ ၊ လူမှာ ကတိ” ဆိုသော စကားစုသည် အလွန်တန်ဖိုးရှိလေးနက်လှသော စကားဖြစ်၏။ ထိုစကားလုံးများသည် အလုပ်တွင်သော အရေးပါသော စကားလုံးများ ဖြစ်ကြ သည်။ အနက်ကိုဖွင့်ဆိုရသော် “မင်း” ဆိုသည်ကား စီမံအုပ်ချုပ် ကွပ်ကဲရသော အကြီးအကဲ တဦးတည်း ကိုသာ ရည်ညွှန်းခြင်း မဟုတ်ပေ။ အစိုးရယန္တရားတခုလုံး၌ ပါဝင်ဆောင်ရွက်နေရသော တဦး တယောက်ချင်းတိုင်းကို ဆိုလိုခြင်းဟု စာရေးသူအနေဖြင့် မှတ်ယူ ပါသည်။ တိုင်းပြည်တခုလုံး တိုးတက်စေရေးနှင့် သာယာစည်ပင် ဝပြောရေးပင်မက တည်ငြိမ်အေးချမ်းစေရေး စသည့်အ ရေးကြီးသောကဏ္ဍများတွင် အသီးသီးတာဝန်ထမ်းဆောင် ကြရသော ပြည်သူ့ဝန်ထမ်းများသည် “မင်း” ဟူသော အဓိပ္ပါယ်စကားရပ် ၌ ပါဝင်သည်ဟု မှတ်ယူနိုင်၏။

“ကတိ” ဟူသည်ကား အသိဉာဏ်ပညာပြည့်စုံသော လူတယောက်ဖြစ်လာပါက တည်ကိုတည်ရမည် ဖြစ်သည်။ ထို့ပြင်မက လုပ်ဆောင်မည်ဟု သတ်မှတ်လိုက်သောအရာကိုလည်း “ကတိ” ဟုမှတ်ယူရမည် ဖြစ်သည်။ မိမိတို့နှုတ်မှ ထုတ်ဖော်ပြော ကြားလိုက်သည့်လုပ်ဆောင်မှု များကို လူတဦးတယောက် အနေဖြင့် လူ့အသိစိတ်ဓာတ်ဖြင့် ပြီးစီးအောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်ပြနိုင်မှသာ ကတိတည်ခြင်းဟု သတ်မှတ်၍ ရပေသည်။ ထို့ကြောင့် အလုပ်အကိုင်များစွာပြီးမြောက်ပြီး မိမိတို့သက်ဆိုင်ရာ ကတိများစွာတို့ တည်ခြင်းကြောင့် ဤလူ့ဘောင်လောက ကြီးသည် တိုးတက်ပြီး ပြီးပြည့်စုံလာခြင်းဖြစ်၏။ လူအများစုသည် အချိန်မရွေး ကတိများပေးတတ် ကြသော်လည်း ပေးခဲ့သည့် ကတိများတည်စေရန် လူတဦးအတွက် ဘဝ၌ပေးခဲ့သမျှ ကတိ အားလုံး တခုမကျန်တည်အောင် ထိန်းသိမ်းရန် မဖြစ်နိုင်ပေ။ မိမိအနေဖြင့် ကတိမည်မျှကို ချိုးဖောက်ခဲ့ပြီး ကတိများအား မည်သို့တည်ခဲ့ ပြီးမြောက်ခဲ့သည် ဟူသည်မှာ မိမိကိုယ်မိမိ နားလည်ရန်အတွက် အဓိကအချက်ဖြစ်သည်။ အဘိဓာန်၌ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ “ကတိဟူသည် တစုံတဦးအနေဖြင့် သတ်မှတ်ထားသည့် တစုံတရာကို ပြုလုပ်ပါမည် သို့မဟုတ် မည်သည်ကို ရှောင်ကြဉ်ပါမည် ဟူသော အများသိစေရန် နှုတ်မှ ထုတ်ဖော်ကြေညာချက်ဖြစ်သည်။ လူတဦးကို သတ်မှတ်ထားသော လုပ်ရပ် တခုခုအား ပြုလုပ်စေခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို မျှော်လင့်ရန် သို့မဟုတ် အာမခံချက်ပေးရန် အခွင့်အရေးပေးမည် ဟူသည့် စည်းမျဉ်းသဘောအရလည်း ကြေညာချက် ဖြစ်သည်။

ကျွန်ုပ်တို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ တွင် မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှ အစိုးရနှင့် ဆွေးနွေးပွဲအပြီး၌ ရန်ကုန်မြို့ပြန် အရောက်တွင် ရန်ကုန်မြို့တော် မြူနီစပါယ် အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖတို့မှ ဂုဏ်ပြုညှော်ခံသောပွဲတွင် “တနှစ်အတွင်း လွတ်လပ်ရေးရအောင် လုပ်ပေးမယ်” ဟူသောကတိစကားကို မိန့်ခွန်း၌ ထည့်သွင်း ပြောကြားခဲ့၏။ ကံဆိုးမိုးမှောင်ကျစွာဖြင့် ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့ ဝန်ကြီးများရုံး အစည်းအဝေးတွင် လုပ်ကြံခံရပြီး ကျဆုံးခဲ့သော်လည်း ၎င်းပေးခဲ့သည့် ကတိကိုတည်ခဲ့သည်။ တနှစ်အတွင်း ရအောင် လုပ်ဆောင်ခဲ့သည့် အစီအမံများအတိုင်း ၁၉၄၈ ဇန္နဝါရီလ ၄ ရက်နေ့တွင် လူသားကတိပီသစွာဖြင့် တိုင်းပြည်လွတ်လပ်ရေးကို အရယူနိုင်ပေးခဲ့ပါသည်။

“သစ္စာ”တရားနှင့်ပတ်သက်၍လည်း ဗိုလ်ချုပ်အောင်

ဆန်းသည် အုပ်ချုပ်ရသူ(မင်း)ပီပီ တည်ကြည်သည်မှာ ဖြစ်ရပ်များစွာကို စာဖတ်သူတို့ သိရှိပြီးဖြစ်ပေလိမ့်မည်။ အခွင့်အရေးမယူပုံ၊ စည်းကမ်းရှိပုံ၊ အာဏာဖြင့် တံစိုးလက်ဆောင် ရအောင်မကြံတတ်ပုံနှင့် တိုင်းပြည်လူထုအပေါ် သစ္စာရှိပုံတို့မှာ ထိုခေတ်အခါက အထင်ရှားဆုံးဖြစ်ပေ၏။ တိုင်းပြည်အပေါ် သစ္စာကြီးရုံပင်မက မိမိအိမ်ထောင်ရေး အပေါ်ပင်သစ္စာတရားကြီး၍ စမ်းသပ်မြူဆွယ်မိသူမှာပါ ထိုင်၍ကန်တော့ကာ တောင်းပန်ရ သည်အထိ နာမည်ဂုဏ်သတင်းကြီးလှသည်။ ထို့ပြင်မက မိမိရင်သွေးမျိုးဆက် သမီး (အောင်ဆန်းစုကြည်)ကိုပင် လူလားမြောက်အောင် ထိန်းသိမ်းခွင့်မရခဲ့သော်လည်း သူ့သမိုင်းကြောင်းအတ္ထုပတ္တိများဖြင့် စံနမူနာယူသင်ကြားနိုင်စေရန် မှန်ကန်သည့်သစ္စာတရားကို ပြသခဲ့ ပါသည်။ လေးစားဖွယ်ရာကောင်းလေစွ။

## ပြည်သူ့ကာကွယ်ရေးတပ်သားများအတွက် အရေးကြီးသော ကတိ နှင့် သစ္စာ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တိုင်းပြည်အပေါ် အမြဲသစ္စာဖောက်လေ့ရှိသော စစ်တပ်သည် “လူပြောင်းသော်လည်း မူမပြောင်း” ဟူသောအချိုးဖြင့် ပြည်သူ့ထံမှ အာဏာကို သိမ်းယူပြီး ၎င်းတို့၏ ဖက်ဆစ်သရုပ်ကို တခုချင်းစီချပြတော့သည်။ အကြမ်းမဖက်ဘဲ ဆန္ဒပြသည့် ပြည်သူများကို ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် ပစ္စည်းဥစ္စာများကို မတရားသိမ်းယူဖျက်ဆီးခြင်းနှင့်လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြင်မကောင်း ကြားမကောင်း အောင်ပင် လုပ်ဆောင်လာခဲ့ရာ သည်းမခံနိုင်ကြသော တိုက်တာ အိုးအိမ် လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် တပြည်လုံးရှိ လူ့အခွင့်အရေးကို မြတ်နိုးသော ဒီမိုကရေစီ ဘက်တော်သား သူရဲကောင်းတို့သည် လက်နက်စွဲကိုင် တော်လှန်ရန်မှတပါး အခြားမရှိသည်ကို သေချာစွာ သိနားလည်ကာ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ရတော့သည်။ နိုင်ငံတကာမှလည်း သိသာစေရန် အသက်စွန့်၍ ဆန္ဒပြသပိတ်ကို လက်နက်ကိုင် မဟုတ်သော်လည်း ပြည်သူ့ဘက်မှရပ်တည်ကာ ဖော်ထုတ်ပြသနေသော သူရဲကောင်းတချို့လည်း မိမိတို့ယုံကြည်ချက်အတိုင်း “လုံး၀ အုပ်ချုပ်ခွင့် မရစေရ” ဟုယနေ့ထိတိုင် ကြိုးစား ဆန္ဒပြနေကြဆဲဖြစ်၏။

မိမိတို့ ရင်ဆိုင်ရသည့် ရန်သူဖက်ဆစ်စစ်တပ်မှာ နှစ်ပေါင်း ၇၀ ကျော် စနစ်တကျ “ကြည်း၊ရေ၊လေ” ဟူသော တပ်မကြီးငယ် အသွယ်သွယ်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး အရပ်စကားဖြင့် ဆိုလျှင် အုတ်နံရံကို ခေါင်းတိုက်ဖြိုရမည့်ပမာ ခိုင်မာနေ၏။ သို့သော် ထိုတပ်ကြီးငယ်အသွယ်သွယ်သည် ကျေးဇူးကန်း၍ မိမိတို့မိဘရင်း သဖွယ် ဖြစ်တည်နေသော ပြည်သူကိုသစ္စာမစောင့်သိ။ အစဉ်အမြဲ သူတို့ သစ္စာပြုရွတ်ဆိုနေသော “နိုင်ငံတော်ဟူသည် ပြည်သူလူထု ဖြစ်သည်” ဆိုသည်ကို မေ့လျော့ကာ လက်ရှိအာဏာရှင် မင်းအောင်လှိုင်နှင့် စစ်ဗိုလ်ချုပ်တစုထံသာ သစ္စာအပ်နှံသည်။ အကျင့်သီလမကောင်းကြဘဲ တိုင်းပြည်၌ မျှော့ပမာ ကပ်၍ အဆီအသွေး ဖြစ်သော ပြည်သူ့ဘဏ္ဍာနှင့် နိုင်ငံ့သယံဇာတတို့အား ခိုးယူနေသော သူခိုးဓားပြတို့ထံတွင် သစ္စာခံ၍ သူခိုးဓားပြ အကြမ်းဖက်များ ဖြစ်လာကြ၏။

ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force–PDF)အား မေလ၅ရက်နေ့၂၀၂၁ခုနှစ်တွင် ဖယ်ဒရယ်တပ်မတော်၏ ရှေ့ပြေးအမြုတေအနေဖြင့် စတင် ဖွဲ့စည်းသည်။ ထို့နောက် မဟာမိတ်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ (EROs) များမှ ထောက်ပံ့ ကူညီလေ့ကျင့်ပေးပြီး အင်အားစုဖွဲ့ခဲ့ကြကာ အကြမ်းဖက်နေသော စစ်ကောင်စီတပ်ဖွဲ့များ၏ ရန်လိုဖျက်ဆီးမှုများမှ ပြည်သူလူထုကို သစ္စာခံကာ အကာအကွယ်ပေး၍ ဖယ်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းမည် ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်ကို ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄) ချက်၌ မြင်တွေ့ရမည်ဖြစ်ပါသည်။ ထိုသို့ စိတ်ဓာတ်၊ စည်းကမ်း နှင့် စာရိတ္တမူဝါဒများ မှအစ သေချာစွာ အခြေပြုတည်ဆောက်ထားသော PDF တပ်မတော်သည် လက်နက် အင်အားနည်းပါလင့်ကစား စစ်ဗျူဟာနည်းပရိယာယ် အသွယ်သွယ်ဖြင့် အင်အားကြီးမားလှပါသည်ဟု ကမ္ဘာကပင် အသိအမှတ်ပြု ထားရသော စစ်ကောင်စီတပ်၏ ထိန်းချုပ်နယ်မြေများကို နည်းပါးလာအောင် သိမ်းပိုက်စိုးမိုးနိုင်နေပြီ ဖြစ်၏။

သို့ရာတွင် ပွဲကားမပြီးသေးချေ။ စစ်တို့၏သဘောကျယ်ပြော လှသည်ဖြစ်ရာ အကြမ်းဖက်စစ်ကောင်စီမှ ကမ္ဘာကျော်သည့် ရက်စက်ကြမ်းကြုတ်မှုများကို ထပ်တိုးလုပ်ဆောင်လာသည့် အပြင် စိတ်ဓာတ်စစ်ဆင်ရေးကိုပါ ကျယ်ကျယ်ပြန့်ပြန့် အင်တိုက်အားတိုက် လုပ်ဆောင် နေသည်ကို အစဉ်မလပ်သတိချပ်ရပါမည်။ ရန်သူ့ဘက်မှ တော်လှန်ရေးအဖွဲ့အစည်းများပျက်စီး စေရန် သွေးထိုးလှုံ့ဆော် သွေးခွဲ ကုန်းတိုက်ခြင်းများကို ယခင်ကတည်းက တန်ပြန်လုပ်ဆောင်ရန် စီစဉ်ထားရှိပြီးသား

ဖြစ်လေရာ အချို့သောနေရာများတွင် စည်းကမ်းဖောက်ဖျက်ခြင်းနှင့် ကျင့်ဝတ် သိက္ခာမဲ့ ပြုကျင့်ခြင်းများ သာမက တချို့သော ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ရန်သူထံ သွားရောက်ပူးပေါင်း ခိုလှုံသွားခြင်း စသည့် သတင်းများကိုလည်း ကြားသိလာလေရာ အထူးသတိပြု စရာ ဖြစ်လာသည်။ လူ့စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်လည်း ဖြစ်လေရာ မိမိကိုယ်ကို သစ္စာစောင့်သိမည့်အသိတရားကို အစဉ်အမြဲ သတိပေးနေကြ ရမည်ဖြစ်ပါသည်။ ထို့ကြောင့် "ကတိ" ကို အရင်ချမှတ်၍ "သစ္စာ" ကို စောင့်ထိန်းရန် လွန်စွာမှ အရေးကြီး၍ လိုအပ်ကြောင်းကို စာရေးသူအနေဖြင့် မြေပြင်၌ ကိုယ်တွေ့ အဖြစ်အပျက်တချို့နှင့် နှိုင်းယှဉ်ကာ တင်ပြလိုပါသည်။

## လက်နက်ဩဇာသက်ရောက်မှု

ကျွန်ုပ်တို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် စစ်ကောင်စီနှင့်ရင်ဆိုင် တိုက်ခိုက် ကြရသော ပြိုင်ဘက် လက်နက်ကိုင် အဖွဲ့အစည်းဖြစ်လေရာ လက်နက်များကို ကိုင်ဆောင်ကြရာ၌ ဦးစွာပထမ အသိဝင်ကြရမည်မှာ "လက်နက်ဩဇာသက်ရောက်မှု" ဖြစ်၏။ သေစေနိုင်သော လက်နက်ကိုင်ထားသူကို လက်နက်မဲ့သူက စိုးရိမ်ကြောက်ရသည်မှာ လောကသဘာဝပင်တည်း။ ထိုအနေအထားပေါ်မူတည်၍ ခါးကြားထဲ သေနတ်ရောက်သည်နှင့် စိတ်နေစိတ်ထားသည် ပြောင်းလဲ တတ်ပြီးလျှင် မိမိနှုတ်ထွက်စကား၊ စေခိုင်းအမိန့်ပေးမှုများ အပေါ် "လက်နက်ဩဇာသက်ရောက်မှု" ကြောင့် လိုက်နာရသည်ထင်ပြီး အတင်းအကြပ် ခိုင်းစေပြုမူမှု၊ အမိန့်ပေးမှုများ ဖြစ်တတ်လေသည်။ ထို့ကြောင့် "ရေဘူးပေါက် တာမလိုချင်ဘူး၊ ရေပါတာသာ လိုချင်တယ်" ဆိုသော စကားရပ်များသည် ဖြစ်လာလေသည်။ စစ်မိန့်ဟူသည်ကား ပြတ်သား ပြင်းထန်၏။ ထိရောက်စွာတိုက်ခိုက်နိုင်ရန် အတွက် တိကျပြတ်သားရှင်းလင်းသော အမိန့်သည်လိုအပ်ပြီး ကောင်းကျိုး ဆိုးကျိုးကို တွက်ဆဆင်ခြင်၍ ကျွမ်းကျင်ပြီး တာဝန်ခံမှုရှိသော အရာရှိမှသာ အမိန့်ပေးမှုကို လုပ်ဆောင်ရ၏။ ဤတော်လှန်ရေးကာလ အတွင်း၌ အရည်အချင်းရှိသော တပ်မှူးအရာရှိတို့သည်လည်း ရှိသကဲ့သို့ အရည်အချင်းချို့တဲ့ အားနည်းသူများလည်း ရှိပါ၏။

မိမိကိုယ်မိမိ ဆင်ခြင်နိုင်စွမ်းရှိသူမှာ မှန်ကန်သည့် လုပ်ရပ်များကို အမြဲလေ့လာ သင်ယူ၍ အမှားနည်းအောင် ကြိုးစားခြင်းနှင့်မိမိအမှားကို တာဝန်ခံ၍ အရည်အချင်းရှိသူကို နေရာပေး ဦးဆောင်စေခြင်း စသည်တို့သည် ပြည်သူကို ပေးထားသော ကတိကို တည်အောင် ကြိုးပမ်းခြင်း ဖြစ်ပြီးလျှင် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပါမည် ဆိုသော သစ္စာကို တည်ခြင်း ဖြစ်လေသည်။ ထိုအချက်ကို အမြဲအစဉ် သတိချပ် လုပ်ဆောင်နေခြင်းကား ရန်သူမှ မိမိတို့ကို တိုက်ခိုက်လာ နိုင်သည့် စိတ်ဓာတ်စစ်ဆင်မှုများကို တွန်းလှန်ခုခံရာလည်း ရောက်လေ၏။ ရန်သူစစ်ကောင်စီ ဘက်မှလည်း ငွေကြေးအင်အား တောင့်တင်းနေ၍ အမျိုးမျိုးသော ဘက်စုံကဏ္ဍ များတွင် မိမိတို့ တော်လှန်ရေးဘက်တော်သားများ၏ အားနည်းချက်များကို ထောက်ပြ၍ စိတ်ဓာတ်စစ်ဆင်ရေး ပုံစံမျိုးစုံကို လုပ်ဆောင်နေခြင်း များကို ဆန်းစစ်ကြည့်လျှင်သိမြင်နိုင်ပါသည်။

စာရေးသူသည်တာဝန်ဖြင့် လွတ်မြောက်နယ်မြေတခု၌ ခေတ္တ သွားရောက်လေ့လာစဉ် အားနည်းချက်ရှိသော ခေါင်းဆောင်တပ်ဖွဲ့မှူး တချို့အား တွေ့ကြုံခဲ့ရပြီးလျှင် နောက်ဆုံး၌ ၎င်းတို့၏ ဦးဆောင်မှု အရည်အချင်း ညံ့ဖျင်းမှုများကြောင့် လက်ခံထားသော နယ်မြေခံ တိုင်းရင်းသား လက်နက်ကိုင်များမှပင် နယ်မြေအတွင်း၌ အခြေချခွင့်မပေးဘဲ မောင်းထုတ်ခြင်းကိုပင် ခံခဲ့ရ ကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရသည်။ တပ်စုတစုကို ခေါင်းဆောင်ရသည့် တပ်ဖွဲ့မှူး တို့မည်သည် စကားပြောစွမ်းရည် အသင့်အတင့် ကောင်းကြသည်မှာ အမှန်ပင်။ ရန်ကုန်မြို့ပြ၌ ဆန္ဒပြမှုများ တွင်လည်း ဦးစီးဦးဆောင် ခြင်းများကို ကောင်းစွာလုပ်ကိုင်ခဲ့သော သူများလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် သူတို့၏အဓိက အားနည်းချက်မှာ တည်ရမည့်ကတိများအား ပျက်ခဲ့ကြ ခြင်းပင်။ နှုတ်ထွက်ကတိစကား များစွာဖြင့် စစ်ကောင်စီကိုတော်လှန်မည်၊ ဖယ်ဒရယ် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက်မည် စသည်ဖြင့် များစွာကို ပြောဆိုပြီး ဘဏ္ဍာငွေများကို စုဆောင်းကြသည်။ ထိုအခါ မတရားမှုကို လက်မခံကြသော ပြည်သူများကလည်း အင်တိုက်အားတိုက် ပါဝင် ကူညီကြသည်။ လက်နက်လူသူ စုဆောင်းပြီး စခန်းချကာ တိုက်ခိုက်ကြမည်။ ရန်ကုန်မှာပြန်ဆုံမည် စသည့် ကြေးကြော်သံ များဖြင့် အစကောင်းခဲ့ကြသော်လည်း အလုပ်ကို တွင်အောင်မလုပ်ခဲ့ ကြပေ။ စစ်ကောင်စီမှလည်း လှူဒါန်းသူပြည်သူများကို ဒဏ်ပြင်းထန်စွာပေး၍ လူမဆန်စွာလုပ်ဆောင်ခဲ့ပြ (အကြောက်တရားသွင်းပြ) ခြင်းကြောင့် နစ်နာထိခိုက်မှုများ ရှိခဲ့ကြသည်။ ထိုအချက်များကို

ထောက်ရှု၍ အလုပ်ကိုတွင်အောင် လုပ်ရမည် ဖြစ်သော်လည်း မိမိတို့ဥသျှောင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော စံကျင့်ဝတ်တချို့ကို လျစ်လျူရှုခြင်း၊ မလိုက်နာခြင်းနှင့် လိမ်ညာ ပြောဆို၍ လုပ်သင့်သည်များကို မလုပ်ဘဲ အချိန်ဆွဲခြင်းများဖြင့် ("မလုပ်၊ မရှုပ်၊ မပြုတ်"မှုဖြင့်) ဝတ်ကျေ တမ်းကျေ ပြုကျင့်ခဲ့ကြရာ မလိုလားအပ်သည့် အပြစ်၊ ပြဿနာတို့ ဖြစ်ခဲ့ပြီးလျှင် အထက်မှလည်း ဌာနဆိုင်ရာ အရေးယူမှုရှိမည်ကို သတိပေးရသည်အထိ ဖြစ်သောအခါ မလေးမစားပြုမှု၍ နားမထောင်ဘဲ ခွဲထွက်ချင်သည့်အနေအထားများ ဖြစ်လာ တော့သည်။

တဖက်မှလည်း တာဝန်ရှိသူများမှ ပုဂ္ဂိုလ်ရေးသိက္ခာမဲ့မှုအရ မသိကျိုးကျွံထားပေးခြင်း၊ လိုအပ်ချက်များကို သတိမမူမိ ပေါ့ဆခြင်းနှင့် မှားယွင်းသော အဆုံးအဖြတ်တချို့ပြုလုပ်မိခြင်း တို့မှသည် COC ကို မလိုက်နာကြတော့သည့် အဆင့်ထိတက်လာကြပြီးလျှင် အမှားပြုမိသည်ကို ပင် အမှားဟုမထင်တော့ဘဲ မိမိထင်ရာကိုလုပ်၍ အမှန်ဟုထင်လာကြသည်မှာ ရင်နာစရာ ကောင်းလှသော ပြည်သူလူထုအပေါ် "ကတိ ဖောက်ဖျက်မှု" ပင်ဖြစ်သည်။ ပြည်သူမှ ကျွေးသော ထမင်းကို စား၍ပြည်သူမှ တပ်ဆင်ပေးသော လက်နက်ဖြင့် ပြည်သူကို ပြန်လည်ခြိမ်းခြောက်သတ်ဖြတ်နေသော စစ်မိစ္ဆာများကို တွန်းလှန်နိုင်ရန် အားကိုးအပ်သော ပြည်သူ့စစ်သည်တို့သည် ကတိမတည်နိုင်ခြင်း ဖြစ်ခဲ့ပါက ရက်ဖွယ်လိလိ ကောင်း၍ မိမိအသက်ထက် တန်ဖိုးထားအပ်သော သိက္ခာကို ထိပါးလိမ့်မည်ဟု မှတ်ယူကာ "ကတိကို တည်ကြည်ပါမှ သစ္စာစောင့်သိရာရောက်မည်" ဖြစ်သည်။ ထိုအချက်အလက်များနှင့်ပြည့်စုံ၍ သစ္စာစောင့် သိမှန်ကန် ကြမည်ဆိုပါက မိမိတို့ ရှေးရှုနေသော တော်လှန်ရေးဆီသို့ လမ်းခြင်း တူ၍လူခြင်းဆုံကာ သွေးစည်းခြင်းဆိုသော ရလဒ် ကိုရရှိ ပိုင်ဆိုင် နိုင်မည်ဖြစ်ပါကြောင်း မိမိ၏အတွေးအမြင်အား တင်ပြ ရင်း နိဂုံးချုပ် အပ်ပါသည်။

အားလုံး ဘေးကင်းရန်ကွာ၍ ကျန်းမာကြပါစေ.........။

ဆက်ဇက်ဈာန်



## ကိုငယ့်ထံ အိတ်ဖွင့်ပေးစာ -၂

ကိုငယ်ရေ..

ဒီအပတ်တော့ အောင်မြင်တိုးတက်လိုတဲ့ လူငယ် ခေါင်းဆောင်တိုင်းအတွက် မဖြစ်မနေ ပြုကျင့်ရမယ့် နည်းနာတစ်ခုဖြစ်တဲ့ စဉ်ဆက်မပြတ်တိုးတက်စေနည်းအကြောင်းကို ပြောပြ ချင်တယ်။အစဉ်တစိုက် ပြောင်းလဲနေတဲ့ လောကကြီးမှာ ကိုယ့်ကိုကိုယ် မပြုပြင် မပြောင်းလဲနိုင်ရင်၊ စဉ်ဆက်မပြတ် တိုးတက်နေအောင် မကြိုးဆနိုင်ရင် ကျရှုံးရတာက လောကဓမ္မတာပဲ။ အင်အား ကြီးတိုင်း ရှင်ကျန်နိုင်တာ မဟုတ်ဘူး၊ ပြောင်းလဲနိုင်မှသာ ရှင်သန်ထင်ကျန်နေမယ်ဆိုတာကို သတ္တလောက က သက်သေပြပြီးပြီ။ ဒီနေရာမှာ "စဉ်ဆက်မပြတ် တိုးတက်နေရမယ်" ဆိုလို့ ကျောင်းပြန်တက်ရလိမ့်မယ်လို့ မယူဆစေချင်ဘူး။ မိမိကိုယ်ကို တိုးတက်လာအောင် ပြုကျင့် ခြင်းသည် ဘဝတစ်လျှောက်လုံးမှာ ရှင်သန်နေအောင် ပျိုးထောင်ပေးရမယ့် ပဒေသာပင် ဖြစ်တယ်။ စဉ်ဆက်မပြတ် တိုးတက်စေဖို့အတွက် အဓိက လုပ်ရမယ့် အချက်ကတော့ "ဘဝတာ သင်ယူသူ" (Lifelong Learner) ဖြစ်ဖို့ပါပဲ။ သင်ယူရာမှာလည်း ဗဟုသုတတွေကို ရှာဖွေသိမ်းတာအပြင်ကို စူးစမ်းလေ့လာလိုစိတ်ကို မြှင့်တင်ပေးတာ၊ စိတ်ပိုင်းဆိုင်ရာ ပြုလွယ်ပြောင်းလွယ်ရှိမှု (Adaptability) နဲ့ ကြံ့ခိုင်မှု (Resilience) ကို မြှင့်တင်ပေးတာတွေကိုပါ လေ့ကျင့်ပေးရပါတယ်။ စကားလုံးတွေကြောင့် အာရုံနောက် မသွားပါနဲ့၊ လွယ်လွယ်ကူကူ နားလွယ်သဘောပေါက် လွယ်အောင် အပိုင်းငယ်တွေခွဲပြီး တစ်ဆင့်ချင်း ရှင်းပြပါ့မယ်။

### ၁။“တိုးတက်လိုသည့် စိတ်ထား” (Growth Mindset) ကို မွေးမြူပါ။

ကိုယ့်ရဲ့ အရည်အချင်းနဲ့ ဉာဏ်ရည်ဉာဏ်သွေးကို လေ့လာသင်ယူခြင်း၊ လေ့ကျင့်အားထုတ် ခြင်းတို့နဲ့ မြှင့်တင်နိုင်တယ်ဆိုတာကို သတိရပါ။ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရတိုင်း၊ အခက်အခဲတွေ ကြောင့် နှောင့်နှေးကြန့်ကြာရတိုင်းမှာ တိုးတက်လိုစိတ်ရှိမှသာ အမှားတွေကို ပြင်ဆင်နိုင်ဖို့အတွက် အခွင့်အရေးလို့ မြင်နိုင်လာမယ်။ တိုးတက်လိုတဲ့ စိတ်ထားကို မွေးမြူနိုင်ဖို့ အတွက် -

စိန်ခေါ်မှုတိုင်းကို ကိုယ့်အတွက် အခွင့်အရေးလို့ မြင်အောင်ကြည့်ပါ။

တိုးတက်မှုအပေါ် အောင်ပွဲခံပါ၊ အပြီးသတ်ရလဒ် ထွက်လာတဲ့အထိ မစောင့်ပါနဲ့။

အပြုသဘောဆောင်တဲ့ ဝေဖန်အကြံပြုမှုတွေကို ရှာပါ၊ လိုက်နာကျင့်သုံးပါ။

### ၂။ ရည်မှန်းချက် (Learning Goals) ချပါ။

ရေတိုဖြစ်စေ၊ ရေရှည်ဖြစ်စေ လက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်မယ့် ရည်မှန်းချက် တွေကို ချထားဖို့ လိုအပ်ပါတယ်။ ကြီးမားရှုပ်ထွေးနေစရာ မလိုပါဘူး၊ ရှင်းလင်းတိကျတဲ့ ရည်မှန်းချက်တွေကသာ သွားရမယ့် ရည်ညွှန်းရပ်နဲ့ သွားနိုင်မယ့် စိတ်ခွန်အားကို ပေးနိုင်တာပါ။

ရေတိုရည်မှန်းချက်တွေ အနေနဲ့ -

- တစ်လအတွင်း နာရီဝက်ထက်ကြာသော လေ့ကျင့်ခန်း (၈) ကြိမ် ပြုလုပ်ရန်။
- တစ်လအတွင်း စာအုပ်တစ်အုပ် ဖတ်ရှုရန်။
- တစ်ပတ်အတွင်း သတင်းဆောင်းပါး (၇) ခု ဖတ်ရှုရန်။

ရေရှည်ရည်မှန်းချက်တွေအနေနဲ့ -

- ဘာသာစကားတစ်ခုခုကို သို့မဟုတ် ကျွမ်းကျင်မှုတစ်ခုခုကို အဆင့်မြှင့်တင်ရန်။ (ဥပမာ - အင်္ဂလိပ်စာ လေ့လာခြင်း၊ မိမိရဲ့ အသက်မွေးဝမ်းကြောင်းနယ်ပယ်ဆိုင်ရာ သင်တန်းများ တက်ခြင်း။)
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံသို့ ကူးပြောင်းရန်။

ကိုယ့်ရဲ့ တော်လှန်ရေးတာဝန်တွေကို ကျေပြွန်အောင် ထမ်းဆောင်ဖို့လိုအပ်သလိုပဲ ကိုယ်ရဲ့ စိတ်တော်လှန်ရေးကိုပါ တစ်စိုက်မက်မက် ဖွဲ့လုံ့လထားပြီး ထမ်းဆောင်ဖို့ လိုအပ်တယ်။

### ၃။ စကြိန်အသုံးချမှုကို မြှင့်တင်ပါ။

ယနေ့ခေတ်နည်းပညာက ဉာဏ်ရည်တုခေတ်ကို ရောက်နေပြီ။ အင်တာနက်မပေါ်မီ ခေတ်က လူသားတွေရဲ့ ဉာဏ်အမြော်အမြင်ကင်းမဲ့မှုဟာ သတင်းအချက်အလက်ကို ရယူနိုင်စွမ်း မရှိခြင်းကြောင့်လို့ ယူဆခဲ့ကြသေးတယ်။ ဒါပေမယ့် အခုလို လိုချင်တဲ့အချက်အလက်ကို စက္ကန့်ပိုင်း အတွင်းမှာ ပြည့်ပြည့်စုံစုံ ရှာပေးနိုင်တဲ့ ဉာဏ်ရည်တုခေတ်မှာလည်း လူအနွံတွေက ရှိနေကြဦးမှာပဲ။ ဒါကြောင့် စာအုပ်စာပေတွေအပြင် အင်တာနက်ကိုလည်း အသိပညာ ရှာဖွေသိမှီးဖို့ အသုံးချနိုင် ရမယ်။ အသုံးချနိုင်တဲ့ ရင်းမြစ်တွေကတော့ -

- သင်တန်းများ (Online Courses) – edX ၊ Coursera နဲ့ Khan Academy တို့လို ပညာရေး အဖွဲ့အစည်းတွေမှာ သင်တန်းတော်တော်များများကို အခမဲ့ တက်လို့ရတယ်။
- အင်တာနက်စာကြည့်တိုက် (Internet Library) – Online Project Gutenbeg၊ Bookhub Open Library နဲ့ Archive တို့လို အွန်လိုင်းစာကြည့်တိုက်တွေမှာ ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကို ရှာဖွေဖတ်ရှုလို့ ရတယ်။

ဒီနေရာမှာ အသံစာအုပ်တွေကို နားထောင်တာကလည်း ရွေးချယ်နိုင်တဲ့ စကြိန်တစ်ခုပါပဲ၊ ကိုယ့်ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်ဖို့တော့ လိုအပ်တာပေါ့။

### ၄။ သင်ယူတတ်တဲ့အကျင့် (Learning Habit) ကို အစပျိုးပါ။

“လူသားအရည်အချင်းအထဲမှာ စွဲမြဲခြင်းက အရှားပါးဆုံးပဲ” လို့ လူသားတွေရဲ့ ပျော်ရွှင်မှုကို နားလည်ဆန်းစစ်ရာမှာ အရေးပါတဲ့ လက်တွေ့အသုံးကျမှုဝါဒ (Utilitarianism) ရဲ့ ဖခင်ကြီး ဂျရမီ ဘန့်ဟမ်း က ဆိုတယ်။ “အကျင့်” ဆိုတဲ့ စကားလုံးကိုယ်၌ဟာ စွဲမြဲခြင်းကို အဓိပ္ပါယ်ဆောင်တယ်။ နေ့စဉ်နေ့တိုင်း ဒါမှမဟုတ် အပတ်စဉ်လိုက် မှန်မှန်တိုးတက်နေမယ့် လေ့ကျင့်မှုတွေကို ပျိုးထောင် ရမယ်။ ဆိုခဲ့သလို ပျိုးထောင်နိုင်ဖို့အတွက် -

- တစ်ရက်တာအတွင်းမှာ အနည်းဆုံး မိနစ် ၂၀-၃၀ အထိ အချိန်ပေးပြီး လေ့လာသင်ယူမှု တစ်ခုခုကို အာရုံစိုက်ပြီး လုပ်ပါ။
- နေ့စဉ်ဒိုင်ယာရီရေးနိုင်ဖို့ ကြိုးစားပါ။ ကိုယ်ရဲ့ တစ်နေ့တာမှာ ကြုံခဲ့ရတဲ့ စိန်ခေါ်မှုတွေနဲ့ အတွေးအမြင်တွေကိုပါ မှတ်သားထားပါ။

တနေ့တာမှာ လုပ်ငန်းတာဝန်ကို အချိန်ပိုင်းခြားသတ်မှတ်ထားသလိုပဲ ကိုယ့်ရဲ့ သင်ယူမှု အချိန်ဇယား ကိုပါ အချိန်မှန်သတ်မှတ်ပြီး ပြဋ္ဌာန်းထားနိုင်ရင် ပိုပြီးတော့ အကျိုးများနိုင်တယ်။

## ၅။ သင်ယူထားသမျှကို အသုံးချပါ။

လက်တွေ့အသုံးကျမှသာ သင်ယူခြင်းဟာ အဓိပ္ပါယ်ရှိမယ်။ ကိုယ့်ရဲ့ လက်ရှိဘဝနဲ့ ထင်ဟပ်မယ့် လေ့လာသင်ယူမှုကို ဦးစားပေးဖို့လိုတယ်။ ဒါကြောင့် ရေတိုဖြစ်စေ၊ ရေရှည်ဖြစ်စေ ရည်မှန်းချက် ချမှတ်ရာမှာ မိမိကိုယ်ကို အားမနာတမ်း ဆန်းစစ်ရမယ်၊ ကိုယ်ရဲ့ အဓိက အားနည်းချက် တွေကို ပြင်ဆင်နိုင်ဖို့ ဦးစားပေးပြဋ္ဌါန်းရမယ်။ အသိပညာဆိုတာက အသုံးချနိုင်မှ အသေအချာ နားလည်နိုင်မယ်၊ တန်ဖိုးလည်း ရှိလာမယ်။ လက်တွေ့အသုံးကျတဲ့ သင်ယူမှုကို တည်ဆောက်နိုင်ဖို့ အတွက် -

- ကိုယ့်ရဲ့ လေ့လာသင်ယူမှုနဲ့ဆိုင်တဲ့ အလုပ်တွေကို ရှာဖွေပူးပေါင်းပါ။
- ကိုယ့်ရဲ့ အတွေးအမြင်တွေကို ပြန်လည်မျှဝေပါ။

ခေါင်းဆောင်ငယ်တွေဖြစ်တဲ့ ကိုငယ်တို့ဟာ တာဝန်ခံရတဲ့ ရဲဘော်တွေရဲ့ စိတ်ဓါတ်ကိုပါ တာဝန်ခံရမယ်။ ကိုယ်ရဲ့ လေ့လာသင်ယူမှုနဲ့ ကိုယ်ရဲ့ အသိုက်အဝန်းကို မြှင့်တင်နိုင်ရမယ်။ ရန်သူနဲ့ ရင်ဆိုင်နိုင်ဖို့အတွက် ကိုယ့်ရဲ့ အင်အားကို အရင် တိုးပွားအောင် မွေးမြူရမယ်။

## ၆။ စူးစမ်းပါ၊ မေးမြန်းပါ။

စူးစမ်းခြင်းဟာ လေ့လာသင်ယူခြင်းပါပဲ။ အတွေးအခေါ် အသစ်တွေကို ရှုထောင့် အမြင်အသစ်တွေ ကနေ ရလာနိုင်တယ်။ သူတစ်ပါးရဲ့ အမြင်ကို ထည့်စဉ်းစားနိုင်မှ လူကြီးဖြစ်လာနိုင်မယ်။ ဒါကြောင့် မေးမြန်းစုံစမ်းနေဖို့ မမေ့ပါနဲ့။ လူအများနဲ့ ထိတွေ့ဆက်ဆံရတိုင်းမှာ ကိုယ်ရဲ့ အယူအဆနဲ့ ဖီလာဆန့်ကျင်နေပါစေ နောက်ကွယ်က အကောက်အယူကို သိနိုင်အောင် ကြိုးစားပါ။ မေးမြန်းစူးစမ်းနေတတ်သူ ဖြစ်လာစေဖို့အတွက် -

- နောက်ခံဇာတိ၊ အခြေအနေ၊ အယူဝါဒမတူသူတွေနဲ့ စကားစမြည် ပြောနိုင်အောင် လေ့ကျင့်ပါ။
- ကိုယ်ရဲ့ စိတ်ဝင်စားမှုနယ်ပယ်အပြင်ဘက်က အကြောင်း အရာတွေကိုပါ ခြုံငုံလေ့လာပါ။

ပြည်သူလူထုရဲ့ အမြင်ကို တိတိကျကျနဲ့ ရေရေရာရာ သိနိုင်မှ တော်လှန်ရေး အောင်မြင်မယ်။ ပြည်သူတွေနဲ့ ထိတွေ့ပါ၊ မိမိရဲ့ မိဘတွေလို့ မှတ်ယူပြီး စိုးရိမ်ပူပန်မှုတွေကို မေးမြန်းပါ၊ ကျေးဇူးရှင် တွေလို့ မှတ်ယူပြီး အကာအကွယ်ပေးနိုင်ဖို့ စူးစမ်းပါ။

## ၇။ အထောက်အပံ့ပေးမယ့် ပုဂ္ဂိုလ်များနဲ့ ဆွေသဟာဖွဲ့ပါ။

ဗုဒ္ဓက “လူမိုက်ကို ရှောင်ပါ၊ ပညာရှိနဲ့ ပေါင်းပါ” လို့ မင်္ဂလာတရားမှာ ဟောတယ်။ တိုးတက် လိုစိတ်ရှိနေတဲ့ လူအချင်းချင်းဟာ လေ့လာသင်ယူခြင်းရဲ့ တန်ဖိုးကို နားလည်တာကြောင့် ပေါင်းဖက် လွယ်တယ်။ သူကြွယ်အချင်းချင်း မိတ်ဆွေဖြစ်လွယ်သလို၊ သူဆင်းရဲအချင်းချင်းလည်း ပေါင်းဖက် လွယ်ကြလေ့ရှိတယ်။ မိမိရဲ့ ရည်မှန်းချက်ကို သိမှသာ ကိုက်ညီမယ့် အသင်းအဖွဲ့တွေ၊ လူပုဂ္ဂိုလ် တွေဆီ ချဉ်းကပ်နိုင်မှာပေါ့။

အကျိုးဖြစ်ထွန်းမယ့် ကွန်ရက်တွေကို ထူထောင်နိုင်ဖို့ အတွက် -

- လေ့လာသင်ယူနေတဲ့ အသင်းအဖွဲ့တွေနဲ့ လူပုဂ္ဂိုလ်တွေကို ပတ်ဝန်းကျင်မှာဖြစ်စေ၊ အွန်လိုင်းမှာဖြစ်စေ ရှာဖွေပူးပေါင်းပါ။
- ကိုယ်နဲ့ဆိုင်တဲ့ အလုပ်တွေမှာ ပူးပေါင်းပါဝင်နိုင်ဖို့ ကြိုးစားပါ။ “မိုင်တစ်သောင်းကွာတဲ့ ခရီးကို ခြေတစ်လှမ်းနဲ့ စ ရတယ်” ဆိုတဲ့ လောင်ဇူးရဲ့ စကားလိုပါပဲ၊ ကိုယ်ဘက်က ခြေတစ် လှမ်းကို စလှမ်းဖြစ်ဖို့ မစိုးရွံ့ပါနဲ့၊ လောကကြီးမှာ လူကောင်း တွေ ရှိပါသေးတယ်။

## ၈။ မိမိရဲ့ တိုးတက်မှုကို ဆန်းစစ်ပါ။

ကိုယ်ရဲ့ တိုးတက်မှုကို သိနိုင်ဖို့အတွက် စနစ်တကျ ဆန်းစစ်နေဖို့လိုတယ်။ ဒါမှသာ ကိုယ်ရဲ့ တိုးတက်ဖို့လိုနေသေးတဲ့ နေရာတွေကို သိရှိပြင်ဆင်နိုင်မယ်။ ကိုယ့်ကိုကိုယ် နားလည်မှသာ ကိုယ်ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖေါ်ရမယ့် နည်းလမ်းကို သိနိုင်မယ်။ မိမိကိုယ်ကို ဆန်းစစ်ရာမှာ -

- သင်ယူလေ့လာခဲ့တဲ့ အကြောင်းအရာကို ပြန်တွေးပါ၊ ကိုယ့်ရဲ့ ဘဝအခြေအနေအပေါ်မှာ ဘယ်လိုသက်ရောက်နိုင်တယ် ဆိုတာကို ဆန်းစစ်ပါ။
- ပြောင်းလဲလာတဲ့ ဘဝအခြေအနေအလိုက် ရည်မှန်းချက် တွေကို ချိန်ညှိပါ။
- စိတ်ခွန်အားကို ထိန်းထားနိုင်ဖို့အတွက် အောင်မြင်မှုလေး တွေက အစ ပွဲခံဖို့ မမေ့ပါနဲ့။

“အသိပညာမှာ ရင်းနှီးမြှုပ်နှံရင် အတိုးအများဆုံးရတယ်” ဆိုတဲ့ ဘန်ဂျမင် ဖရန်ကလင်ရဲ့ စကားလိုပဲ မိမိအတွက် နေ့စဉ်နေ့တိုင်း ရင်းနှီးမြှုပ်နှံဖို့ လိုအပ်တယ်။

### ၉။ ကျန်းမာအောင် နေပါ။

သတ္တဝါတိုင်းဟာ ရှင်သန်ဖို့အတွက် အလုပ် လုပ်ကြရတယ်။ အလုပ်မရှိတဲ့ လူဟာ လူဖျင်း၊ လူအချည်းနှီးပဲ။ အလုပ်လုပ်နိုင်ဖို့အတွက် ကျန်းမာသန်စွမ်းတဲ့ စိတ်နဲ့ကိုယ် ရှိဖို့ လိုအပ်တာပေါ့။ ကျန်းမာခြင်းသည် ရွေးချယ်ပိုင်ခွင့်ပါ၊ ကိုယ်ရွေးချယ်လိုက်တဲ့ ခန္ဓာကိုယ်ထဲမှာပဲ ကိုယ့်ဘာသာ ရှင်သန်ရမှာလေ။ ကျန်းမာဖို့အတွက် -

- အစားအသောက်ကို မျှတအောင်စားပါ၊ ကြေညက်အောင်ဝါးပါ၊ ရေများများသောက်ပါ၊ အိပ်ရေးဝဝ အိပ်ပါ၊ လေ့ကျင့်ခန်းမှန်ပါစေ။
- တရားထိုင်ပါ။ စိတ်တည်ကြည်မှုကို တရားထိုင်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေနဲ့ ရှာဖွေနိုင် တာကြောင့် အကျိုးများတယ်၊ စိတ်ကျန်းမာရေးကောင်းမှသာ ကိုယ်ကျန်းမာရေးကို အာရုံပြုနိုင်မှာပေါ့။

တိုးတက်ကြီးပွားလာအောင် ကြိုးပမ်းရတာက နာကျင်မှုနဲ့ သေချာပေါက် ကြုံတွေ့ရမှာပါ။ အပြောင်းအလဲတွေကလည်း နာကျင်ခံစားရတာပဲ၊ ဒါပေမယ့် ကိုယ်နဲ့မအပ်စပ်တဲ့ နေရာမှာ ပိတ်မိ နေတာလောက် နာကျင်ခံစားရတာ မရှိပါဘူး။ ကိုယ့်ရဲ့ နေသာသလိုနေတဲ့ အခြေအနေကို မဖောက်ထွက်နိုင်ရင် တကယ်တမ်း နစ်နာမှာက ကိုယ်ကိုယ်တိုင်ပဲ၊ အသက်ကတော့ အချိန်တန်ရင် ကြီးလာမှာပဲလေ။

"ဘဝတာ သင်ယူသူ" တစ်ယောက်ဖြစ်လာဖို့အတွက် စူးစမ်းလိုစိတ်၊ စည်းကမ်းလိုက်နာမှုနဲ့ အလိုက်သင့်ပြောင်းလဲမှုတွေကို လိုအပ်တာကြောင့် ရရှိလာမယ့် အကျိုးအမြတ်ကလည်း မက်လောက်စရာပါ။ ကိုယ့်ကိုကိုယ် အမြဲတစေ တိုးတက်အောင် ကျင့်ကြံတော့မယ်လို့ ရည်စူးချက် ကို ချမှတ်နိုင်မှသာ စိန်ခေါ်မှုတွေကို ရင်ဆိုင်လိုစိတ် ရှိလာမယ်။ အသိပညာကို ရှာမှီးတယ်ဆိုတာက ဆိုက်ရောက်ရာ တစ်ခုခုကို ဦးတည်တဲ့ ခရီးမဟုတ်ဘူးဆိုတာ သတိရပါ၊ စွန့်စားခန်းတွေ၊ ရင်သိမ့်တုန် စရာတွေနဲ့ ပြည့်နှက်နေတဲ့ ဘဝတာခရီးမှာ အကောက်အကွေ့တိုင်းကို ရည်မှန်းချက်ရှိရှိ၊ တည်ကြည်မှုရှိရှိ ဖြတ်ကျော်နိုင်ပါစေ။

ကိုလတ်




## လစ်ဘရယ်အယူအဆနဲ့အမျိုးသား အမှတ်လက္ခဏာနိုင်ငံရေး

နိဒါန်း

၁၉၈၉ခု နိုဝင်ဘာမှာ ဘာလင်တံတိုင်းပြိုတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ စစ်ရှုံးဂျာမနီကို စစ်နိုင်နိုင်ငံတွေက ဘာလင်ကိုတံတိုင်းတားပြီး ခွဲခြားထိန်းချုပ်ခဲ့ရာမှာ အမေရိကန်နဲ့မဟာမိတ်အုပ်စုကအနောက်ဘက်အခြမ်းကိုယူခဲ့ပြီး ဆိုဗီယက်နဲ့အရှေ့အုပ်စုက အရှေ့ဘက်အခြမ်းကိုယူခဲ့တယ်။ ဘာလင်တံတိုင်းပြိုသွားတယ်ဆိုတာဟာ စစ်မတိုက်ပဲအယူအဆရေးရာအရ အရှေ့အုပ်စုနဲ့ အနောက်အုပ်စုအားပြိုင်ပွဲမှာ အနောက်အုပ်စုကအနိုင်ရခဲ့ပြီး ဂျာမန်ပြည်သူတွေက အရှေ့နဲ့အနောက်ဂျာမန်နှစ်နိုင်ငံကို ပြန်လည်ပေါင်းစီးနိုင်ခဲ့တာဖြစ်တယ်။

*မှတ်ချက်။ အရှေ့အုပ်စုဆိုရာမှာ ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်ဗဟိုဦးစီးစနစ်ကျင့်သုံးတဲ့ အရှေ့ဥရောပနိုင်ငံများကိုအဓိကဆိုလိုတယ်။ နိုင်ငံရေးအရဗဟိုကနေအာဏာကို တပါတီတည်းကနေရာသက်ပန်တင်းကျပ်စွာထိမ်းချုပ်ကိုင်တွယ်ပြီး စီးပွားရေးအရစီမံကိန်းနဲ့ ဗဟိုကနေထိမ်းချုပ်မောင်းနှင်တဲ့စနစ်ဖြစ်တယ်။ အနောက်အုပ်စုဆိုရာမှာ အမေရိကန်ဦးဆောင်တဲ့ လစ်ဘရယ်ဒီမိုကရေစီ၊ တနည်းအားဖြင့် နိုင်ငံရေးအရ လူထုရွေးကောက်တင်မြှောက်ပေးပြီး အချိန်ကာလအကန့်အသတ်တခုအတွင်း၊ တိုင်းပြည်ကိုအုပ်ချုပ်ရတဲ့အစိုးရနဲ့ စီးပွားရေးအရ ဈေးကွက်ကိုလွတ်လပ်စွာဖွင့်ပေးထားတဲ့စံနစ်ဖြစ်တယ်။*

## စစ်အေးပြီးဆုံးခြင်းနဲ့ သမိုင်းနိဂုံး

အရှေ့အနောက်အုပ်စုနှစ်ခုစစ်မတိုက်ပဲအယူအဆ ရေးရာအရ နိုင်ငံရေးအရ နိုင်ငံတွေအုပ်စုဖွဲ့ အားပြိုင်နေတဲ့အတွက်ကြောင့်မို့ စစ်အေးကာလလို့ခေါ်ဝေါ်သတ်မှတ်တယ်။ ကာလအားဖြင့် ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း ၁၉၄၇ ကနေ ဘာလင်တံတိုင်းပြိုအပြီးနောက်ပိုင်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားတဲ့ ၁၉၉၁ အထိကိုသတ်မှတ်တယ်။ ဒါကြောင့် အယူအဆရေးရာအရကမ္ဘာ့အုပ်စုကြီး၂ခုယှဉ်ပြိုင်ပွဲမှာ လစ်ဘရယ်ဝါဒက အောင်ပွဲခံခဲ့ပြီဖြစ်တဲ့အတွက် လစ်ဘရယ်ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးကို အခြားအိုင်ဒီယော်လော်ဂျီ (နိုင်ငံရေးအတွေးအခေါ်အယူအဆ) တခုခုကစိန်ခေါ်ပြိုင်ဆိုင်ဖို့ မဖြစ်နိုင်တော့တဲ့အတွက် သမိုင်းနိဂုံးချုပ်ပြီလို့ အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ဖရန်စစ်ဖူကူယားမား (Francis Fukuyama) က သူ့ရဲ့ထင်ရှားတဲ့ စာအုပ်ဖြစ်တဲ့ သမိုင်းနိဂုံးနဲ့နောက်ဆုံးလူ (The End of History and The Last Man) မှာတင်ပြခဲ့တယ်။

ဒီနေရာမှာဖူကူယားမားပြောတဲ့ သမိုင်းဆိုတာ နိုင်ငံရေးအယူဝါဒတွေယှဉ်ပြိုင်မှုကိုဆိုလိုပြီး ဒီသတ်မှတ်ချက် (နိုင်ငံရေးအတွေးအခေါ်အယူအဆတွေယှဉ်ပြိုင်မှုကုန်ဆုံးရင် သမိုင်းဟာပြီးဆုံးတယ်ဆိုတဲ့သဘောထား) ကို ဂျာမန်တွေးခေါ်ပညာရှင်ဟေဂယ်ဆီကနေ ယူခဲ့တာဖြစ်တယ်။ ဒီတော့ စစ်အေးပြီးဆုံးတာဟာ သမိုင်းပြီးဆုံးတာပဲဆိုတဲ့သဘောထားဆီဆိုက်ရောက်ခဲ့တယ်။ ဖူယူယားမားရဲ့သမိုင်းနိဂုံးအယူအဆဟာ ကမ္ဘာ့နိုင်ငံရေးအသိုင်းအဝန်းကို အတော်ရိုက်ခတ်ခဲ့ပြီး ဆန့်ကျင်ငြင်းဆိုတဲ့လက်ခံတဲ့စာအုပ်တွေ၊ ဆောင်းပါးတွေ၊ ဆွေးနွေးပွဲတွေများစွာပေါ်ထွန်းခဲ့တယ်။

ဒီအထဲကမှအတော်အားကောင်းတဲ့အယူအဆတခုက သမိုင်းဟာမပြီးဆုံးသေးပဲ ယဉ်ကျေးမှုတွေခြင်းပွတ်တိုက်ရိုက်ခတ်မှုကနေ ဆန့်ကျင်တိုက်ခိုက်တဲ့စစ်ပွဲတွေဖြစ်ပေါ်လာဦးမယ် ဆိုတဲ့ ဆင်မြူရယ်ဟန်တင်တန် (Samuel Huntington) ရဲ့ ယဉ်ကျေးမှုများပွတ်တိုက်ရိုက်ခတ်ခြင်း (The Clash of Civilization and The Remaking of World Order) ဆိုတဲ့ စာအုပ်ထွက်ပေါ်လာတယ်။ ဖူကူယားမားစာအုပ်က ၁၉၉၂ မှာထွက်ခဲ့ပြီး ဟန်တင်တန်စာအုပ်က ၁၉၉၆ မှာထွက်လာတယ်။ စာအုပ်တွေမတိုင်ခင်မှာ သူတို့အယူအဆရေးရာတွေကို ဖူကူယားမားနဲ့ ဟန်တင်တန်တို့က အတ္တလန်တစ် (Atlantic) နဲ့ နိုင်ငံခြားရေးရာ (Foreign Affairs) ဂျာနယ်တွေမှာ တနှစ်လောက်အရင်စတင်ဖော်ပြခဲ့ကြတယ်။

၂၀၀၁ခုနှစ်မှာ နယူးယောက်က ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦမျှော်စင်ညီနောင်ကို ဘာသာရေးအစွန်းရောက်အဖွဲ့အစည်းတခုဖြစ်တဲ့အယ်ခိုက်ဒါက ပျံပေးဆွဲတဲ့လေယဉ်၂စီးနဲ့ ဝင်တိုက်တဲ့ 911 (စက်တင်ဘာ၉ရက်နေ့တိုက်ခိုက်မှု) အပြီးမှာ ဟန်တင်တန်အယူအဆကို လူပြောများလာကြပေမယ့် လက်ရှိမှာဘာသာရေးအခြေခံအစွန်းရောက်အဖွဲ့အစည်းတွေရဲ့ အိုင်ဒီယော်လော်ဂျီအားပြိုင်မှုနဲ့ တိုက်ပွဲတွေဟာ အရှေ့အလယ်ပိုင်းမှာ ဆက်လက်ရှင်သန် အားကောင်းဆဲဖြစ်ပေမယ့် ကမ္ဘာနဲ့အဝှမ်းအောင်မြင်တဲ့ သဘောတရားတရပ်၊ လစ်ဘရယ်ဒီမိုကရေစီကိုစိန်ခေါ်နိုင်တဲ့ အယူအဆတခုအနေနဲ့ ပေါ်ထွက်လာခြင်းမရှိတာကို တွေ့ရတယ်။

## လစ်ဘရယ်ဒီမိုကရေစီ

ဒီမိုကရေစီမှာ အခြေခံကျတဲ့လူထုရွေးကောက်တင်မြှောက်ခံအစိုးရတရပ်ရှိရမယ်ဆိုပေမယ့် လူထုက ရွေးကောက်တင်မြှောက်ပေးလိုက်တိုင်းဒီမိုကရေစီကို တင်းပြည့်ကျပ်ပြည့်အသုံးပြုလို့ မရနိုင်ဘူးဆိုတာကိုတခြားနိုင်ငံတွေသွားကြည့်စရာမလိုပဲ မြန်မာဒီမိုကရေစီစမ်းသတ်ခရီးစဉ်ဖြစ်တဲ့ ၂၀၁၀-၁၅၊ ၂၀၁၅ - ၂၀ ရွေးကောက်ပွဲတွေ၊ အစိုးရတွေနဲ့ နိုင်ငံရေးစနစ်တွေကသက်သေခံနေတယ်။

နိုင်ငံတွေမှာရွေးကောက်ပွဲတွေရှိပေမယ့် လူထုအကြိုက်အစိုးရတွေကို ရွေးချယ်တင်မြှောက်လို့မရတာမျိုး (လူထုအကြိုက်ပါတီတွေကို ရွေးကောက်ပွဲဝင်ခွင့်မရအောင် ကန့်သတ်ထားတာ)၊ လူထုကမဲအများစုနဲ့ရွေးချယ်တင်မြှောက်လိုက်ပေမယ့် အစိုးရမဖွဲ့နိုင်တာမျိုး (ဥပမာ ထိုင်းပြဿနာ)၊ နောက်ဆုံးရွေးကောက်ပွဲရလဒ်တွေကို လက်မခံပဲ စစ်တပ်ကအာဏာသိမ်းတာစတဲ့ ပြဿနာတွေအားလုံးဟာ ဒီမိုကရေစီရှေ့မှာ လစ်ဘရယ်ကို မထဲ့နိုင်လို့ဖြစ်တယ်။ တနည်းဆိုရရင် ဒီမိုကရေစီကို ရွေးကောက်ပွဲဆိုတဲ့ အသွင်သဏ္ဍာန်တခုတည်းနဲ့ပဲရှုပြီး ရှေ့မှာ လစ်ဘရယ်ဝါဒကိုမထဲ့သွင်းနိုင်တဲ့အတွက်ဖြစ်တယ်လို့ ပညာရှင်တွေကမှတ်ချက်ပေးကြတယ်။

ဒီလိုဖြစ်ရတာဟာ နိုင်ငံတနိုင်ချင်းစီအလိုက် နိုင်ငံရေးစီးပွားရေးယဉ်ကျေးမှုစသည်ဖြင့် သမိုင်းကြောင်းဆိုင်ရာ

ဖြတ်သန်းမှုနဲ့အခြေအနေတွေပေါ်မူတည်တယ်ဆိုပြီး ပညာရှင်တွေကြားမှာကိုပဲဆွေးနွေးငြင်းခုံမတူညီတဲ့အမြင်တွေရှိနေကြတာတွေ့ရတယ်။ လစ်ဘရယ်ဝါဒဆိုတာ ယေဘူယျအားဖြင့် လူတဦးချင်းစီရဲ့ရပိုင်ခွင့်၊ လွတ်လပ်မှု၊ ညီမျှမှု၊ တသီးပုဂ္ဂလပိုင်ဆိုင်ခွင့်နဲ့ ဥပဒေရဲ့ရှေ့မှောက်မှာနိုင်ငံသားအားလုံးဟာ အညီအမျှပဲဖြစ်တယ်ဆိုတဲ့ အချက်တွေကိုအခြေခံတယ်။ လစ်ဘရယ်ဝါဒဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ကမ္ဘာကြီးမှာ နိုင်ငံအတော်များများမှာလက်ခံလာတဲ့ အယူအဆတခုလည်းဖြစ်တယ်။

ဘာလင်တံတိုင်းပြိုအပြီး ၁၉၈၉ကစလို့ ဟန်တင်တန်သတ်မှတ်ခဲ့တဲ့ ဒီမိုကရေစီတတိယလှိုင်းအပြီးမှာ နိုင်ငံ၁၁၀ကျော်ဟာ ဒီမိုကရေစီနိုင်ငံတွေဖြစ်လာခဲ့တယ်။ ဒီအရေအတွက်ဟာ စစ်အေးကာလတွင်း ၁၉၇၂ မှာနိုင်ငံပေါင်း၃၅နိုင်ငံပဲ ဒီမိုကရေစီကိုကျင့်သုံးနိုင်ခဲ့တာနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကြီးမားတဲ့အပြောင်းအလဲတခုဖြစ်တယ်။ စစ်အေးကာလလက်ဝဲလက်ယာနိုင်ငံရေးယှဉ်ပြိုင်မှုအဆုံးသတ်အပြီး ဒီမိုကရေစီလှိုင်းတွေပေါ်ထွက်လာခဲ့တယ်ဆိုပေမယ့် ၁၉၉၁နောက်ပိုင်း ဆယ်စုနှစ်သုံးခုအတွင်းမှာနိုင်ငံရေးဟာ အမျိုးသားရေးအမှတ်လက္ခဏာနိုင်ငံရေး (Identity Politics) အသွင်ကိုကူးပြောင်းလာခဲ့တယ်လို့ ဖူကူးယားမားကကောက်ချက်ချတယ်။ ဒီနေ့ခေတ်နိုင်ငံတွေရဲ့နိုင်ငံရေးဖွံ့ဖြိုးမှုတွေကို အဓိကမောင်းနှင်ပေးနေတာ အမျိုးသားရေးအမှတ်လက္ခဏာနိုင်ငံရေးလို့လည်း သူကဆိုတယ်။

## အမျိုးသားရေးလက္ခဏာနိုင်ငံရေး

အမျိုးသားရေးလက္ခဏာနိုင်ငံရေးဆိုတာ တကယ်တော့အသစ်မဟုတ်ပါဘူး။ Identity Politic ဆိုတာစစ်အေးအပြီး ယူဂိုဆလားဗီးယားကွဲထွက်သွားတဲ့ ဖြစ်စဥ်နဲ့အတူ အသုံးများခဲ့တယ်။ ဒါပေမယ့်ဖူကူယားမားအဓိကသုံးလိုတဲ့သဘောက စစ်အေးအပြီး အရှေ့ဥရောပ ကွန်မြူနစ်အာဏာရှင်ကနေဒီမိုကရေစီပြောင်းလဲမှုဖြစ်စဥ်အတွင်းနောက်ပြန်လန်ကျတဲ့ နောက်ပိုင်းပြဿနာတွေနဲ့ အရှေ့အလယ်ပိုင်းကစစ်ပြေးတွေ၊ ရွှေ့ပြောင်းနေထိုင်လိုသူတွေ ဥရောပကိုရောက်ရှိလာတဲ့အခြေအနေတွေကို ဥရောပနိုင်ငံတွေက အမျိုးသားရေး (nationalist sentiment –အမျိုးသားရေးဝါဒတိမ်းညွတ်ချက်ကိုဆိုလိုတယ်) အမြင်နဲ့ ပြန်လည်သုံးသပ်လာကြတဲ့အတွက် လစ်ဘရယ်နဲ့ ဒီမိုကရက်တစ်အတွေးအခေါ်တွေ လျော့ပါးပျောက်ဆုံးလာတဲ့အခြေအနေတွေကိုရည်ညွှန်းလိုတာဖြစ်တယ်။

လတ်တလောနမူနာအနေနဲ့ ထရမ့်ရဲ့လက်တင်အမေရိကရွှေ့ပြောင်းလာသူတွေအတွက် တံတိုင်းကာဖို့ဆိုတဲ့ဆုံးဖြတ်ချက်မျိုးကိုဆိုလိုတယ်။ တခြားနိုင်ငံကရွှေ့ပြောင်းလာသူတွေထဲက အမေရိကန်နိုင်ငံအတွင်းမှာ မွေးဖွားလာသူတွေကိုအရင်ကပေးခဲ့တဲ့ နိုင်ငံသားသတ်မှတ်ချက် မပေးတော့ဘူးဆိုတဲ့ပြန်လည်ပြင်ဆင်မှုမျိုးတွေကိုဆိုလိုတယ်။ Identity Politics ဟာ နိုင်ငံတနိုင်ငံနဲ့တနိုင်ငံကြားက မတူညီတဲ့လူမျိုးတွေအတွင်းက ပွတ်တိုက်မှုတွေကော၊ နိုင်ငံတခုတည်းမှာပဲ တိုင်းရင်းသားလူမျိုးစုတခုနဲ့တခုကြား နယ်မြေသတ်မှတ်ချက်၊ ယဥ်ကျေးမှု၊ စာပေ၊ စစ်ပွဲအစရှိတဲ့ နိုင်ငံရေး၊စီးပွားရေးနဲ့လူမှုရေး ခွဲခြားဖိနှိပ်မှု၊ အားပြိုင်မှုတွေကြား၊ အားလုံးပါဝင်တဲ့ သတ်မှတ်ချက်ဖြစ်တယ်။

တဘက်မှာအမျိုးသားရေးလက္ခဏာနိုင်ငံရေးဟာ အမျိုးသားရေးဝါဒ (Nationalism) နဲ့ နီးကပ်ဆက်စပ်နေသလိုတခြားတဘက်မှာ ပေါ်ပြူလာဝါဒ (Populism) နဲ့လည်း တဆက်တစပ်တည်းဖြစ်တယ်။ ၂၀၁၆ အမေရိကန်မှာထရမ့်ရွေးကောက်ခံရတာ (အခု ၂၀၂၄တကြော့ပြန်ရွေးကောက်ခံရတာ) နဲ့ အင်္ဂလန်မှာဘရစ်ဇစ် (Brexit - ဥရောပသမဂ္ဂနေအင်္ဂလန်ခွဲထွက်ခဲ့တာတွေကို ပေါ်ပြူလာဝါဒ ပြန်ခေါင်းထလာတယ်လို့ ကမ္ဘာ့နိုင်ငံရေးမှာသုံးနှုန်းတယ်။ တကယ်တမ်းပြောရရင်ဒီနှစ်ခုကိုတဆက်တစပ်တည်း လူပြိန်းကြိုက်အမျိုးသားရေးဝါဒ (Populist Nationalism) လို့လည်း နိုင်ငံရေးသိပ္ပံပညာရှင်တချို့သုံးနှုန်းဖူးတယ်။

ဖူကူယားမားက ပေါ်ပြူလာဝါဒကို ၃မျိုးခွဲတယ်။ ပထမတခုက စီးပွားရေးပေါ်ပြူလာဝါဒ၊ လက်ဝဲအစိုးရတွေကတိုင်းပြည်ကိုရေရှည်မှာအဆင်ပြေဖို့မလွယ်တဲ့လတ်တလောထွက်ပေါက်ရှာတဲ့ လူကြိုက်များနိုင်တဲ့စီးပွားရေးမူဝါဒတခုကိုချပြအကောင်အထည်ဖော်တာဖြစ်တယ်။ ဒုတိယပုံစံက လူထုကြိုက်နိုင်ငံရေးခေါင်းဆောင်မှုဖြစ်တယ်။ ဥပမာထရမ့်လိုခေါင်းဆောင်မှုမျိုးကို ဆိုလိုတယ်။ အင်စတီကျူးရှင်းတွေကိုကျော်ပြီး ဥပဒေသတ်မှတ်ချက်တွေကိုကျော်လွန်ပြီး တဦးတည်းခေါင်းဆောင်မှုနဲ့ ငါကပြည်သူတွေကိုကိုယ်စားပြုတယ်ဆိုတဲ့ပြုမူဆောင်ရွက်မှု ဖြစ်တယ်။ တတိယပုံစံက နိုင်ငံသားအများစုက နိုင်ငံသားချင်းအတူတူဖြစ်ပေမယ့် မတူကွဲပြားတဲ့လူမျိုးစုတခုကလာတဲ့ နိုင်ငံသားတွေကိုခွဲခြားဆက်ဆံမှုဖြစ်တယ်။ (ဥပမာ မြန်မာမှာရိုဟင်ဂျာအကျပ်အတည်းလို ဖြစ်ရပ်မျိုးနဲ့ နီးစပ်တဲ့သဘောကိုဆိုလိုတယ်)


## နွေဦးတော်လှန်ရေး

မြန်မာနွေဦးတော်လှန်ရေးဟာ စစ်အာဏာရှင်က တိုင်းပြည်ကိုလက်နက်နဲ့အနိုင်ကျင့်အုပ်ချုပ်နေတဲ့ နိုင်ငံရေး အကြမ်းဖက်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို တော်လှန်တိုက်ပွဲဝင်နေတာဖြစ်တယ်။ တဘက်မှာ စစ်အာဏာသိမ်းမှုကို လစ်ဘရယ်ဒီမိုကရေစီနဲ့ ပြန်လည်အစားထိုးမယ့် အိုင်ဒီယောလော်ဂျီ တိုက်ပွဲဖြစ်တယ်။ တဆက်တည်းမှာ စစ်အာဏာရှင်စနစ်နဲ့အတူ မြန်မာနိုင်ငံရေးမှာ နှစ်ပေါင်းများစွာအမြစ်တွယ်ခဲ့တဲ့ လူမျိုးစု(အမျိုးသားရေးလက္ခဏာ)နိုင်ငံရေးကိုလည်း ဖက်ဒရယ်နိုင်ငံရေးအဖြစ် တော်လှန်ရေးကာလအတွင်းဖြတ်သန်းနေရတာဖြစ်တယ်။ မြန်မာဖက်ဒရယ်ဒီမိုကရေစီတော်လှန်ရေးဟာအတိုင်းအတာတခုအထိအောင်မြင်ပေါက်ရောက်ခဲ့ပြီဖြစ်ပြီး ပထမအဆင့်စစ်အာဏာရှင်ပျက်သုန်းရေးဟာ အချိန်ကာလတခုအတွင်းအောင်မြင်မှုရဖို့ မျှော်လင့်နိုင်ပြီဖြစ်တယ်။

ကမ္ဘာစစ်အထိရောက်သွားနိုင်တဲ့ပြင်းထန်တဲ့ကမ္ဘာ့ပထဝီနိုင်ငံရေးတင်းအားတွေ၊ ပိုအရှိန်ရလာတဲ့ ကမ္ဘာ့ဂေဟစနစ်ယိုယွင်းလာမှုနဲ့ နည်းပညာအံ့မခန်းပြောင်းလဲတိုးတက်လာမှုတွေနဲ့အတူ ကမ္ဘာကြီးဟာလာမယ့်ဆယ်စုနှစ်တခုအတွင်း လက်ရှိအခြေအနေမှာမျှော်လင့်ကြည့်လို့မရနိုင်တဲ့ အပြောင်းအလဲတခုကိုဦးတည်နေတာဖြစ်တယ်။

မြန်မာနိုင်ငံကိုကြည့်မယ်ဆိုရင်တော့ နိုင်ငံကျဆုံးကွယ်ပျောက်သွားနိုင်လောက်တဲ့ ကျွန်သဘောက်ပြန်ဖြစ်သွားနိုင်လောက်တဲ့ အကျပ်အတည်းတွေနဲ့ အခြေအနေတွေကို ရင်ဆိုင်နေရတာဖြစ်တယ်။ နွေဦးတော်လှန်ရေးဟာ မြန်မာနိုင်ငံအတွက် နောက်ဆုံးအခွင့်အရေးဖြစ်ပြီး မဖြစ်မနေအောင်မြင်ရမယ့်တော်လှန်ရေးတခုလည်းဖြစ်တယ်။

ကျော်ဇေခိုင်



## စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲတော်လှန် တိုက်ပွဲဝင်နေကြသော အဖွဲ့များ၏ ဘုံသဘောထားရပ်တည်ချက်အား ထုတ်ပြန်ကြေညာခြင်း

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်

### မျှော်မှန်းချက် (Vision)

ပြည်ထောင်စုအတွင်းနေထိုင်ကြသည့် စုံလင်ကွဲပြားသော လူမျိုးများ၏ သရုပ်လက္ခဏာ (Identity)များကို ကာကွယ်မြှင့်တင်ပေးသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိသော ပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရန်

### ဦးတည်ချက် (Objectives)

(က) စစ်အာဏာသိမ်းထားမှုကို ဖယ်ရှားပြီး မြန်မာစစ်တပ်၏ နိုင်ငံရေး၌ ပါဝင်နေခြင်းအား အဆုံးသတ်ရန်

(ခ) လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ အပြည့်အဝထားရှိရန်

(ဂ) ၂၀၀၈ ဖွဲ့စည်းပံုအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်နှင့် ယင်းကို ပြန်လည် အသက် သွင်းရန် ကြိုးပမ်းမှုမှန်သမျှ တိုက်ဖျက်ရန်

(ဃ) သက်ဆိုင်သူများအားလုံး လက်ခံနိုင်သော ဖက်ဒရယ်နှင့် ဒီမိုကရေစီကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရန်

(င) ထွက်ပေါ်လာသော ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံဥပဒေနှင့်အညီ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအသစ်အား တည်ဆောက်ရန်

(စ ) ပဋိပက္ခအတွင်း မတရားကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးနှင့် အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်ဖော်ဆောင်ရန်

### ရပ်တည်ချက် (Position)

(က) မြန်မာစစ်တပ်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းမှုသည် တရားမဝင် ကြောင်း ကြေညာပြီး အာဏာသိမ်းမှုကို အကြွင်းမဲ့ ဆန့်ကျင်ရှုတ်ချသည်။

(ခ) အာဏာသိမ်းမှုသည် မြန်မာစစ်တပ်ကိုယ်တိုင် တဖက်သတ် ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခဲ့သည်။ ထို့ကြောင့်၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တရားမဝင်တော့ပါ။

(ဂ) ၂၀၂၀ ရွေးကောက်ပွဲရလဒ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ နိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ရန် မဟုတ်ပဲ တော်လှန်ရေးအောင်မြင်ရေးနှင့် စနစ်ပြောင်းနိုင်ငံရေး တည်ဆောက်မှုအတွက် အသုံးချရန်ဖြစ်သည်။

ထိုသို့ အသုံးချခြင်းသည် စစ်အာဏာသိမ်းမှုကို ဖယ်ရှားရေးနှင့် စနစ်ပြောင်းနိုင်ငံရေး တည်ဆောက်မှု အတွက် ပြည်သူ့တော်လှန်ရေးတွင် ပါဝင်နေကြသော ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြု ကော်မတီ (CRPH)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့အား ပြည်သူလူထု၏ မဲပေး ရွေးချယ်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းဖြစ်သည်။ တော်လှန်ရေးအလွန်ကာလ နိုင်ငံရေး ဦးဆောင်မှုသည် အာဏာရှင်စနစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သော သက်ဆိုင်သည့် နိုင်ငံရေး အစုအဖွဲ့များ၏ စုပေါင်းပါဝင်ဦးဆောင်မှုဖြင့် နိုင်ငံသစ် တည်ဆောက်သွားရန် ဖြစ်သည်။

(ဃ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပရန် ကြိုးပမ်းခြင်းသည် ဒီမိုကရစီကို ပြန်လည်ဖော်ဆောင်နိုင်မည် မဟုတ်သည့်အပြင် အာဏာသိမ်းမှု တရားဝင်ဖြစ်စေပြီး မြန်မာစစ်တပ်ကို ကာလအကန့်အသတ်မရှိ အုပ်ချုပ်ခွင့်ပေးခြင်းသာ ဖြစ်သည်။

(င) စစ်တပ်သည် အနာဂတ် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရှိစေရ။

(စ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပြန်လည်ဖော်ဆောင်

ရန် သက်ဆိုင်သူများအားလုံး လက်ခံနိုင်သည့် ဖက်ဒရယ်နှင့်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ်လိုအပ်သည်။

(ဆ) နိုင်ငံရေးအခွင့်ထူးခံများ အချင်းချင်းအကြား ပြုလုပ်သည့် အာဏာခွဲဝေမှုကို လက်ခံမည် မဟုတ်ပါ။

(ဇ) အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့၏ မြန်မာနိုင်ငံဆိုင်ရာ အဖြေရှာမှု လုပ်ငန်းစဉ်များတွင် ညှိနှိုင်းပူးပေါင်းပါဝင်သွားမည်။

(ဈ) ဒေသအတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဦးတည်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သွားမည်။

## လုပ်ငန်းစဉ်အဆင့်ဆင့်

(က) စစ်ကောင်စီ/မြန်မာစစ်တပ်အား စစ်ရေး၊နိုင်ငံရေး (ပြည်တွင်း/ပြည်ပ) ဖိအားပေးခြင်း။

(ခ) မြန်မာစစ်တပ်တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေးဦးတည်ချက်(၆)ရပ်အား လက်ခံ လာလျှင်စစ်အာဏာသိမ်းမှုအဆုံးသတ်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ အာဏာလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆွေးနွေးခြင်း။

(ဂ) စစ်အာဏာသိမ်းမှု အဆုံးသတ်၍ စစ်ကောင်စီ (သို့) မြန်မာစစ်တပ်ကျောထောက်နောက်ခံ အုပ်ချုပ်ရေးအဖွဲ့အားအပြီးသတ်ဖယ်ရှားပြီးနောက်ဖက်ဒရယ်အဆင့်အတွက် အသွင် ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုးရ (T-NUG)နှင့် အသွင်ကူးပြောင်းရေး ကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ် အစိုးရများ ဖွဲ့စည်းပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပြန်လည်တည်ဆောက်ခြင်း။

(ဂ-၁) အာဏာရှင်စနစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သော သက်ဆိုင်သည့် နိုင်ငံရေး အစုအဖွဲ့ များပါဝင်၍ အသွင်ကူးပြောင်းရေးကာလ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခြင်း။

(ဂ-၂) တော်လှန်ရေးအလွန်တွင် တော်လှန်ရေးအင်အားစုများမှ ပါဝင်သင့်သူများ ပါဝင်၍ စုပေါင်းခေါင်းဆောင်မှုနှင့် အသွင်ကူးပြောင်းရေးကာလဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အသွင်ကူးပြောင်းရေးကာလ အမျိုးသားညီညွတ်ရေးအစိုး (T-NUG )ကို ဖွဲ့စည်းခြင်း။

(ဂ-၃) ဖက်ဒရယ်ယူနစ်အစိုးရများကို သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ်ယူနစ်အလိုက် လွတ်လပ်စွာဖွဲ့စည်းခြင်း။

(ဃ) သက်ဆိုင်သူများအားလုံးပါဝင်သော နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်၍ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးချမှတ်ခြင်း။

(ဃ-၁) ပြည်နယ်/ဖက်ဒရယ်ယူနစ်များ သတ်မှတ်ဖွဲ့စည်းရေးနှင့်ပြည်နယ်/ ဖက်ဒရယ် ယူနစ်များ၏ နယ်နမိတ်ပိုင်းခြားသတ်မှတ်ရေးကိစ္စကိုအသွင်ကူးပြောင်းရေးကာလရောက်ရှိသည့်အခါ အဓိကသက်ဆိုင်သူအားလုံးပါဝင်သော နိုင်ငံရေးဆွေးပွဲ များတွင် ငြိမ်းချမ်းစွာ ညှိနှိုင်းဆောင်ရွက်ခြင်း။

(င) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းခြင်း။

(စ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုသစ်အား တည်ဆောက်အကောင်အထည်ဖော်ခြင်း။

ကျွန်ုပ်တို့သည် ဤ နိုင်ငံရေးမျှော်မှန်းချက်၊ ဦးတည်ချက်၊ ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် မဟာဗျူဟာအရ အရေးကြီးသည့် ကဏ္ဍစုံတွင် ပူးပေါင်းညှိနှိုင်းရေး ယန္တရားများ ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့အပြင် သက်ဆိုင်သည့် တော်လှန်ရေးမဟာမိတ်အင်အားစုများနှင့်လည်း ဆက်လက်ပူးပေါင်းညှိနှိုင်း၍ အစွမ်းကုန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဆက်သွယ်ရန်-

၁။ ဆလိုင်းထက်နီ (CNF) (+91 69097 51721 )

၂။ အောင်ဆန်းမြင့် (KNPP) (+66 307 49087 )

၃။ ပဒိုစောတာဒိုမူး (KNU) (+66 646459113 )

၄။ ဦးတင်ထွန်းနိုင် (NUG) (+1 9383007007 )

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စံတန်ဖိုးများ

ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် -

(က) အရပ်သား နိုင်ငံရေးဦးဆောင်မှုအောက်တွင်ရှိခြင်း၊

(ခ) နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှု ကင်းရှင်းခြင်း၊

(ဂ) ပြည်သူလူထုကို ဗဟိုပြုခြင်း၊

(ဃ) သစ္စာစောင့်သိခြင်း၊

(င) စည်းကမ်းလိုက်နာမှုကို တန်ဖိုးထား ဂုဏ်ယူခြင်း၊

(စ) သတ္တိဗျတ္တိရှိခြင်း၊

(ဆ) တာဝန်ဝတ္တရားကို လေးစားတန်ဖိုးထားခြင်း၊

(ဇ) ရဲဘော်ရဲဘက်စိတ်ရှိခြင်း၊

(ဈ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊

(ည) ပြည်သူ့အမှုထမ်းစိတ်ရှိခြင်း၊

(ဋ) အားလုံးပါဝင်ခြင်းနှင့် ခွဲခြားနှိမ့်ချမှုမရှိခြင်းတို့သည် အစဉ်ကိန်းအောင်းလိုက်နာရမည့်ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ စံတန်ဖိုးများ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ ထုတ်ဝေသည့်

ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

နှင့်

စစ်သတင်းလွှာ

တစ် ပတ် တစ် ကြိမ် ထုတ် ဝေ သည်။

များတွင် ထည့်သွင်းဖော်ပြနိုင်ရန်
စာမူများကို အောက်ပါ Signal / Telegram နံပါတ်များသို့ ပေးပို့နိုင်ပါသည်။

■

Signal username - arkarmoemyint054.86

Telegram - @moremyintkyaw

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ
တစ်လတစ်ကြိမ် ထုတ်ဝေသည်။